ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (4-5-2004)(၄၂၂၃)

အရိယ သစ္စာန ဒဿနံ
ဧတံ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ပင့်ဆောင်ပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်များက ရွှေထီးတော်ဘုံအဆင့်များ၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် သဗ္ဗညုပုထိုးတော်ကြီး၏ အထွတ်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။ (ယာပုံနှင့် အောက်ပုံ)

(သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ကြည်ညိုစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်တို့ကို တင်လှူပူဇော်

ရန်ကုန်　　မေ　　၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ တည်ထားကိုးကွယ်သည့် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့(ကဆုန်လပြည့်ဗုဒ္ဓနေ့) နံနက်ပိုင်းတွင် အဆိုပါ သဗ္ဗညုပုထိုးတော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်ကြည်ညိုပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို သဗ္ဗညုပုထိုးတော်ကြီးအထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်သည်။

အဆိုပါ သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ထေရဝါဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋက ကောဝိဒ ဆရာတော်များ၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သင်ကြား/စီမံ ဆရာတော်များ၊ အပြည်ပြည်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❁

ယနေ့ထုတ်စောင်ရေ
၁၉၆၂၁၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၄-၅-၂၀၀၄
(အင်္ဂါနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း အမျိုးသားရေးတာဝန်အဖြစ် အလေးထားဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေမြေသယံဇာတများ ကြွယ်ဝပြီး သဘာဝပတ်ဝန်းကျင်ကောင်းများဖြင့် ပြည့်စုံစွာတည်ရှိနေသည့် နိုင်ငံဖြစ်သည်။

ယနေ့အချိန်အခါသည် နိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများရှိနေသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးထား လှုပ်ရှားဆောင်ရွက်နေကြရသည်ကို တွေ့မြင်ကြားသိနေရသည်။

မြန်မာနိုင်ငံတွင် ပင်ကိုသဘာဝမပျက်မယွင်း ဖြစ်ပေါ်တည်ရှိနေသည့် သဘာဝပတ်ဝန်းကျင်ကို စနစ်တကျထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအောက်တွင် ဦးစီးဌာနတစ်ခုဖွဲ့စည်း၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်နီးနွယ်လျက်ရှိသည့် ဝန်ကြီးဌာနများမှ အဖွဲ့ဝင်များပါဝင်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းထားရှိသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ညှိနှိုင်းအစည်းအဝေးကို မေလ ၁ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ဆွေးနွေးမှာကြားသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစည်းအဝေးတွင် ဆွေးနွေးမှာကြားရာ၌ **နိုင်ငံတော်၏ အဖိုးတန်သက်ရှိ၊ သက်မဲ့ သဘာဝသယံဇာတများ ယိုယွင်းပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ နိုင်ငံတော်၏ ရေမြေသဘာဝမြစ်ချောင်းတောင်တန်းနှင့် သစ်တောများ၊ ပင်လယ်ပြင်များအပါအဝင် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မဖြစ်ပေါ်စေရေးတို့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ အလေးထားဆောင်ရွက်သွားကြရန်** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်တို့အပါအဝင် မြစ်ချောင်းကြီးများသည် နိုင်ငံတော်တစ်ဝန်း ဖြတ်သန်းစီးဆင်းလျက်ရှိသကဲ့သို့ တောင်မြောက်သွယ်တန်းလျက်ရှိသည့် တောင်တန်းကြီးများတွင် အဖိုးတန်သစ်တောကြီးများ ပေါက်ရောက်လျက်ရှိနေသည်။

ထို့အပြင် ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား စသည့် အဖိုးတန်တွင်းထွက် ကျောက်မျက်ရတနာများ၊ ရေနံ၊ သဘာဝ ဓာတ်ငွေ့စသည့် အဖိုးတန် ဓာတ်သတ္တုသယံဇာတများလည်း ကြွယ်ဝစွာ ဖြစ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံ မြောက်ဖျားဒေသတွင် ဆီးနှင်းဖုံးလွှမ်းသော တောင်တန်းကြီးများ ရှားရှားပါးပါးတည်ရှိမှု၊ မြန်မာ့ကမ်းလွန် ပင်လယ်ပြင်၌ သဘာဝမပျက်ယွင်းသေးသော သန္တာကျောက်တန်းများအပါအဝင် ရေပေါ်ရေအောက် သက်ရှိသက်မဲ့ သယံဇာတများ တည်ရှိနေမှုတို့သည် ထင်ရှားသော မြန်မာ့သဘာဝ ပတ်ဝန်းကျင်ကောင်းများပင်ဖြစ်သည်။

ယင်းသို့ ဖြစ်တည်လျက်ရှိသော သဘာဝပတ်ဝန်းကျင်များသည် သဘာဝအလျောက် ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်နိုင်သကဲ့သို့ လူသားတို့၏ ပယောဂကြောင့်လည်း ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတွင် အဖိုးတန် ရှားပါးစွာဖြစ်တည်လျက်ရှိသည့် သဘာဝပတ်ဝန်းကျင်ကောင်းများ ယိုယွင်းပျက်စီးမှုမရှိစေရန် အလေးထား တားဆီးကာကွယ်လျက်ရှိခြင်း ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အဖိုးထိုက်တန်လှသော ရေမြေသဘာဝ တောတောင်မြစ်ချောင်းများနှင့် ပင်လယ်ပြင်များ၊ ရှားပါးတိရစ္ဆာန်များအပါအဝင် သဘာဝပတ်ဝန်းကျင်များ ယိုယွင်းပျက်စီးမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးတို့က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တက်ညီလက်ညီ အလေးထားဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညောင်တုန်း–ရွာမ ၁၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် အောင်မြင်စွာဆက်သွယ်ပြီးစီးမှု ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီစစ်ဆေး ဓာတ်အားပေးစက်ရုံများသို့ သဘာဝဓာတ်ငွေ့ ပုံမှန်ပြန်လည်ပို့လွှတ်

ရန်ကုန် မေ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပင်မသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း(ရွာမ)သို့ ရောက်ရှိပြီး ညောင်တုန်း(ရွာမ) ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် အောင်မြင်စွာ ဆက်သွယ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဖြန့်ခွဲပို့လွှတ်ရေး

ဝန်ကြီးအား ပိုက်လိုင်းဆက်သွယ်ရေး လုပ်ငန်းခွင်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး (အင်ဂျင်နီယာလုပ်ငန်း)၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး)နှင့် တာဝန်ရှိသူတို့က ပိုက်လိုင်းဆက်သွယ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တိုးတက်ရရှိလာတော့မည့် သဘာဝဓာတ်ငွေ့များကို ဓာတ်အားပေးစက်ရုံများ၊ ရန်ကုန်ဒေသစက်ရုံများအပြင် အခြားဒေသများသို့ပါ ဖြန့်ခွဲပို့လွှတ်နိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးက ညောင်တုန်း–ရွာမ ၃၅မိုင် အရှည်ရှိ ပိုက်လိုင်းကို ဆက်သွယ်ပြီးစီး၍ ပင်မသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းအတွင်းသို့ လိုင်းပေါင်း ဆက်သွယ်စဉ်ကာလအတွင်းတွင်လည်း သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်မှုကို များစွာ မထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သကဲ့သို့ သတ်မှတ်ရက်ထက်စော၍ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မေ ၂ရက် ညနေပိုင်းမှ စတင်၍ ဓာတ်အားပေးစက်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများသို့ ပုံမှန်ပြန်လည် ပို့လွှတ်နိုင်ခဲ့ခြင်းတို့အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုက်လိုင်းဆက်သွယ်ရေး ဝန်ထမ်းများအား ချီးကျူးအားပေးစကား ပြောကြားသည်။

ပိုမိုပို့လွှတ်နိုင်မည်

ယခုကဲ့သို့ ၁၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် ထပ်မံဆက်သွယ်နိုင်သဖြင့် ညောင်တုန်းဒေသမှ တိုးတက်ထွက်ရှိနေသော သဘာဝဓာတ်ငွေ့များကို ရန်ကုန်ဒေသ စက်ရုံ၊ အလုပ်ရုံများအပြင် အခြားဒေသများသို့ပါ ပိုမိုပို့လွှတ်နိုင်တော့မည်ဖြစ်သည်။

(သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အင်းတကော် တပ်နယ် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၃

ပဲခူးမြို့နယ် အင်းတကော်တပ်နယ် အထကတွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၂ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအား ၁၉၆၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများက ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရန် စီစဉ်ထားသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖြစ်ကြသော ဦးကျော်ငွေ ဖုန်း–၀၁– ၅၇၂၁၄၆၊ ဦးမင်းကြည်(Kyi International Trading Co.) ဖုန်း–၀၉၅၀၂၀၄၁၈၊ ဦးခင်စိုး ဖုန်း–၀၁–၆၂၅၁၄၄၊ ဒေါ်အေးအေးသင်း ဖုန်း–၀၁–၆၂၅၃၂၄ တို့သို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မောင်တော်လာမှ ပိတောက်ပွင့်

* လာချိန်တန်လျှင်၊ လာမည်ပင်ဟု
ရင်တွင်ထင်ထား၊ မျှော်မိငြားလည်း
ခုများမလာ၊ ဘယ်ဆီမှာလျှင်
ရောင်ခွာတိမ်းလျက်၊ သူနေရက်ကြောင့်
အခက်ရယ်မွေ၊ ငုံချင်လေပြီ
နွေတစ်ရာကဲ၊ ရင်ပူဆဲ။
* လာနိုးငယ်မျှော်၊ မေ့မောင်တော်ကို
တောင်ပေါ်တိမ်ရိပ်၊ တလိမ့်လိမ့်ဆင်
လာနိုးသွင်ကြောင့်၊ ရွှေရင်လှုပ်ခတ်
မနေတတ်အောင်၊ မျှော်မိယောင်လည်း
မောင်တော်မိုးမှာ၊ ပေါ်မလာမို့
ဖြေရာမရှိ၊ နွမ်းလျဘိ။
* အခုမှတော့၊ လာမချော့နှင့်
မလျှော့နိုင်ဘူး၊ မပျော့ဘူးဟု
ချစ်မူးစိတ်တွင်၊ မျက်မာန်ဝင်လည်း
ရင်ထဲမှာတော့၊ သူလာချော့လျှင်
ပျော့လိုက်ချင်ဟု၊ ရွှေရင်စကား
ဆိုပြီးသား။
* မောင်တော်လာနိုး၊ တိတ်တခိုးနှင့်
မျှော်ကိုးစိတ်ဝင်၊ ပိတောက်ခင်ကို
ငုံချင်လက်တို့၊ မှိုင်းရိပ်ညို့အောင်
ငိုဖို့ရည်ရွယ်၊ သူကျီစယ်ထင့်
အိုဘယ် မောင်တော် ရောက်ချိန်သင့်
ပိတောက်ဖူးခင် ပွင့်ချိန်လင့်
မောင်တော်လာမှ၊ ပိတောက်ပွင့်။ ။

(ကဆုန်မိုးအား မျှော်ကိုးလျက်)

ရန်နိုင်ဦး

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

နိုင်ငံတကာ သတင်းများ

အီရတ်အကျဉ်းသားများအား မဖွယ်မရာနှိပ်စက်မှု စက်ဆုပ်ရွံရှာမိ အီရတ်တွင် ကန်အရန်ကြည်းတပ်ကို တာဝန်ယူခဲ့ရသူ ပြောကြား

နယူးယောက် မေ ၂

အီရတ်သို့ ရောက်ရှိနေသော အမေရိကန် အရန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များသည် ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများကို မဖွယ်မရာ နှိပ်စက်မှု ပြုလုပ်နေပုံများကို တွေ့မြင်ရသောအခါ မိမိအနေဖြင့် စက်ဆုပ်ရွံရှာမိသည်ဟု ထိုတပ်ဖွဲ့ဝင်များကို တာဝန်ယူရသူ ဗိုလ်ချုပ်က ပြောကြားသည်။ ယခုကဲ့သို့ လက်အောက်ခံ တပ်ဖွဲ့ဝင်များက နှိပ်စက်မှုပြုလုပ်ကြခြင်းမှာ ထိုအကျဉ်းစခန်း၌ပင် တာဝန်ကျနေသော ထောက်လှမ်းရေးအဖွဲ့များ၏ အားပေးအားမြှောက်ပြုခြင်းကြောင့် ဆောင်ရွက်ကြဖွယ်ရာရှိကြောင်း အဆိုပါဗိုလ်ချုပ်က ပြောကြားသည်ကို ကိုးကား၍ နယူးယောက် တိုင်းမ်သတင်းစာက တနင်္ဂနွေနေ့ထုတ်တွင် ဖော်ပြခဲ့သည်။

ယခုကိစ္စတွင် သက်ဆိုင်သော စစ်ဗိုလ်ချုပ်မှာ အမျိုးသမီး ဗိုလ်မှူးချုပ် ဂျားနစ်ကာပင်စကီးဖြစ်သည်။ သူမသည် အမှတ်(၈၀၀) စစ်ရဲတပ်ရင်းကြီးကို တာဝန်ယူရသူဖြစ်သည်။ နယူးယောက်တိုင်းမ် သတင်းစာက သူမနေထိုင်ရာ တောင်ကာရိုလိုင်းနားပြည်နယ်ရှိ နေအိမ်သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျဉ်းသားများကို မဖွယ်မရာ ပြုကျင့်နှိပ်စက်ခဲ့သော နေရာသည် အကျဉ်းထောင်အတွင်းရှိ အထူးလုံခြုံရေး တင်းကျပ်ထားသော ထောင်ခန်းနေရာတွင်ဖြစ်သည်။

ထိုထောင်ခန်းနေရာကို စစ်ဘက် သီးခြား ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့က ကြီးကြပ် ထိန်းချုပ်ထားသည်။ ၎င်းအခန်းကို တာဝန်ယူထားရသူ အရာရှိများမှာ ယခုအချိန်အထိ ပြည်သူလူထု၏ ပြစ်တင်ဝေဖန်မှုမှ ကင်းလွတ်နေဆဲ ဖြစ်သည်ဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသော ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိပ် အကျဉ်းထောင်တွင် အီရတ်အကျဉ်းသားများကို တမင်သက်သက် နှိပ်စက်ကလူပြုနေသော ဖြစ်ရပ်နှင့် ဆက်စပ်နေသည့် ဓာတ်ပုံများကို ပြီးခဲ့သောဗုဒ္ဓဟူးနေ့က စီဘီအက်စ် ရုပ်သံမှ ထုတ်လွှင့်ပြသသွားသည်။ ထိုပြသမှုကြောင့် ယခုဖြစ်ရပ်ကို အမေရိကန်သမ္မတဘုရှ် အပါအဝင် ပြည်သူများက ပြစ်တင်ရှုတ်ချခဲ့သည်။

ယခုဖြစ်ရပ်တွင် ပါဝင်ကျူးလွန်ကြသူများသည် လူဆိုး လူညစ်များ ဖြစ်ကြသည်။ ဓာတ်ပုံတွင်ပါဝင်သောသူများ၏မျက်နှာများကို ကြည့်ခြင်းအားဖြင့် ထိုညှဉ်းပန်းနေကြသူများသည် ထိုလုပ်ရပ်တွင် မည်မျှအရသာတွေ့ အူမြူးနေကြသည်ကို သိသာစေသည်ဟု ကာပင်စကီးက ပြောကြားသည်။

နှိပ်စက်မှုကျူးလွန်သော အကျဉ်းခန်းများမှာ စစ်ဘက်ထောက်လှမ်းရေးများက တာဝန်ယူ ကြီးကြပ်သော အကျဉ်းစခန်းများဖြစ်သည်။ ပြစ်မှုကျူးလွန်သူများကို ကြီးကြပ်သူများက တိုက်ရိုက်စေခိုင်းခြင်း မရှိသည့်တိုင်အောင် ထိုသို့ကျူးလွန်ရန် အားပေးအားမြှောက်ပြုခဲ့ဖွယ်ရာ ရှိသည်ဟု သံသယမကင်းကြောင်း ကာပင်စကီးက ပြောကြားသည်။ အီရတ်ရှိ စစ်ဦးစီးများသည် ယခုကိစ္စတွင် အပြစ်အားလုံး သူမအပေါ်၌ ပုံ၍ကျစေရန် ကြိုးစားနေကြသည်၊ အပြစ်ပုံချနေကြသည်ဟု ထင်မြင်ကြောင်းပါ ပြောကြားသွားသည်။

အီရတ်အကျဉ်းသားများကို နှိပ်စက်မှုကိစ္စကို စစ်ရဲတပ်ဖွဲ့များအပေါ် အပြစ်ပုံချခြင်းအားဖြင့် စစ်ဘက်ဆိုင်ရာတို့က ၎င်းတို့၏တာဝန်ရှိမှုမှ ရှောင်လွှဲနိုင်လိမ့်မည်ဟု ယူဆနေကြသည်။ သို့ရာတွင် ယခုကိစ္စသည် အပြစ်ရှိမှုကို ပခုံးပြောင်းပေးခိုင်းကြမည် မဟုတ်ဟု သူမက ပြောကြားခဲ့သည်။

ဗိုလ်မှူးချုပ် ကာပင်စကီးသည် ညှဉ်းပန်းနှိပ်စက်သည့်ပုံများကို ပထမဦးဆုံးအကြိမ် တွေ့လိုက်ရချိန်မှာပင် ယခုကိစ္စသည် ငြိမ်းသွားမည်မဟုတ်ဘဲ ဆက်လက်ကြီးထွားလာမည့် ပြဿနာဖြစ်ကြောင်း နားလည်ခဲ့သည်ဟု ဆိုသည်။

သူမသည် ယခုအခါ ကာလီဖိုးနီးယားသို့ ပြန်လည်ရောက်ရှိနေပြီး အရပ်ဘက် အသက်မွေးဝမ်းကျောင်းမှု အလုပ်ဖြစ်သော စီးပွားရေးအတိုင်ပင်ခံ အလုပ်ကို ဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သော ဆောင်းရာသီက သူမသည် အဘူဂါရိပ်အကျဉ်းထောင်ကို တစ်ပတ်လျှင် နှစ်ကြိမ်မျှ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရေး ရောက်ရှိသောအခါများ၌ အကျဉ်းသားများကို လူသားချင်းစာနာ၍ ဆက်ဆံရန်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ လိုက်နာဆောင်ရွက်ကြရန် အကြိမ်ကြိမ် မှာကြားထားခဲ့ကြောင်း သူမ၏ ပြောကြားချက်များကို တိုင်းမ်သတင်းစာက ကိုးကားဖော်ပြသည်။

ကာပင်စကီးသည် အဘူဂါရိပ် အကျဉ်းထောင်သို့ ရောက်ရှိခဲ့သော်လည်း ယခု နှိပ်စက်မှု ဖြစ်ပေါ်ခဲ့သော အကျဉ်းခန်းများကို တစ်ခါမျှ သွားရောက်စစ်ဆေးခဲ့ခြင်း မရှိပါ။ ထိုသို့မစစ်ဆေးခြင်းမှာ ထိုအကျဉ်းခန်းများကို တာဝန်ယူထားရသော ထောက်လှမ်းရေးများကို မဆန့်ကျင်လို၍ ဖြစ်သည်ဟုဆိုသည်။ အမှန်မှာ သူမအနေဖြင့် စစ်ဘက်ထောက်လှမ်းရေးများကို ထပ်မံဆန့်ကျင်ပြီး အကျဉ်းခန်းများကို သွားရောက်ခဲ့သင့်သည်ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။



မေ ၁ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဆင်ခြေဖုံးရှိ အဘူဂါရိပ်အကျဉ်းထောင်ကို လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ၌ သေဆုံးခဲ့သည့် ကန်တပ်ဖွဲ့ဝင်အရေအတွက် စစ်ပွဲကာလတစ်လျှောက်လုံးတွင် ယခု ဧပြီလသည် အများဆုံးဖြစ်

ဝါရှင်တန် မေ ၁

အမေရိကန်တပ်ဖွဲ့ဝင်များအတွက် သေဆုံးမှု အများဆုံးလဖြစ်သည့် ဧပြီလတွင် သေဆုံးသူ အများစုမှာ အမေရိကန်ကြည်းတပ် အစောင့်တပ်ဖွဲ့နှင့် ကြည်းတပ် အရန်တပ်ဖွဲ့တို့မှ ဖြစ်ကြသည်။ ဧပြီလတွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၁၃၆ ဦးရှိရာ ယခင်သုံးလအတွင်း သေဆုံးခဲ့သည့် စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင်ဦးရေထက် ပိုမိုများပြားနေသည်။ အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ မတ်လက ၅၀ ဦး၊ ဖေဖော်ဝါရီလက ၂၁ ဦးနှင့် ဇန်နဝါရီလက ၄၆ ဦး ဖြစ်သည်။

သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသက်မှာ ၁၈ နှစ်မှ ၄၉ နှစ်အကြား ရှိသူများဖြစ်သည်။ အနည်းဆုံး ၁၃ ဦးမှာ ဆယ်ကျော်သက်အရွယ်များဖြစ်ကာ အနည်းဆုံးငါးဦးမှာ အသက် ၄၀ ကျော်သူများဖြစ်သည်။ ဧပြီလ တစ်လတည်းမှာပင် အီရတ်နိုင်ငံသား ၁၃၆၁ ဦး သေဆုံးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ဧပြီလတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် အီရတ်စစ်ပွဲတစ်လျှောက်လုံး သေဆုံးမှုအများဆုံးလဖြစ်သည်မှာ ဒွိဟပွားစရာမရှိကြောင်း အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်ထိပ်တန်းတပ်မှူးဖြစ်သည့် ဂျွန်အဘီဇိုက်က သောကြာနေ့တွင် ပြောကြားသည်။ ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည်လည်း မြင့်တက်ခဲ့သည်။ တိကျသည့် ကိန်းဂဏန်းများ မရရှိသေးပါ။ သို့ရာတွင် ဧပြီလအတွင်း ဒဏ်ရာ ရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၉၀၀ ကျော်ရှိရာ မတ်လကထက် သုံးဆကျော် မြင့်တက်လာကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။

ဧပြီလတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် အများစုမှာ ကြည်းတပ်အမျိုးသားအစောင့်တပ်ဖွဲ့နှင့် ကြည်းတပ်အရန်တပ်ဖွဲ့မှဖြစ်ပြီး ၁၇ ဦး အနည်းဆုံး သေဆုံးခဲ့သည်။ ဧပြီလနောက်ဆုံး သီတင်းပတ်တစ်ခုတည်းတွင် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အရန်တပ်ဖွဲ့ဝင်တစ်ဦးတို့မှာ တိုက်ပွဲများတွင် သေဆုံးသွားခဲ့သည်။ ယခုအချိန်အထိ အီရတ်တွင် သေဆုံးသည့် အစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်ဦးရေမှာ ၁၁၁ ဦး ဖြစ်သည်။

အင်တာနက်။

ရောမမြို့ ဟိုတယ်မီးလောင် လူသုံးဦး သေဆုံး

ရောမ မေ ၂

အီတလီနိုင်ငံ ရောမမြို့ရှိ နာမည်ကြီးဟိုတယ်တစ်ခုတွင် စနေနေ့ စောစောပိုင်းက မီးလောင်မှု ဖြစ်ပွားရာ၌ ကနေဒါ ဇနီးမောင်နှံနှင့် အမေရိကန်နိုင်ငံသားတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ရောမမြို့ မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အမေရိကန်နိုင်ငံသား အမျိုးသားတစ်ဦးသည် မီးဘေးမှလွတ်မြောက်ရန် ခြောက်ထပ်ရှိ အဆိုပါ ဟိုတယ်၏ လေသာဆောင်တစ်ခုပေါ်မှ ခုန်ချရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဟိုတယ်၏ တတိယထပ်ရှိ အခန်းတစ်ခန်းအတွင်း နံနက် ၅ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး အနည်းဆုံး လူငါးဦးမှာ အသက်ရှူမွန်းကျပ်မှု ဝေဒနာကို ခံစားကြရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁ ရက်က နာဂျက်ဖ်မြို့နှင့် ကူဖာမြို့တို့ကို ဆက်သွယ်ထားသည့် လမ်းမပေါ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင်ဖြစ်ပွားသည့် သီးခြားတိုက်ခိုက်မှုများ၌ ကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ရေတပ်သားနှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံတွင် ဖြစ်ပွားသည့် သီးခြားတိုက်ခိုက်မှုများ၌ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် ရေတပ်သားနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက စနေနေ့တွင် ပြောကြားသည်။ အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အမေရိကန်စစ်ယာဉ်တန်းအား လမ်းဘေးဗုံး ပေါက်ကွဲထိမှန်ခဲ့ရာ စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါဒေသတွင် သောကြာနေ့က အလားတူ တိုက်ခိုက်ခဲ့ရာ၌ ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ ယင်းဒဏ်ရာဖြင့် စနေနေ့က သေဆုံးခဲ့ကြောင်း အခြားကြေညာချက်တွင် ဖော်ပြထားသည်။ ဖော်လူဂျာမြို့ ပါဝင်သည့် အလ်အန်ဘာ ပြည်နယ်တွင်လည်း အမေရိကန်ရေတပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း မရိန်းတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်မရိန်း ရှာဖွေရေးတပ်ဖွဲ့တွင် တာဝန်ချထားသော ရေလုပ်သားနှစ်ဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်သူများအား နှိမ်နင်းရေးစစ်ဆင်မှု ပြုလုပ်စဉ် သေဆုံးခဲ့ခြင်း ဖြစ်သည်။

အင်တာနက်။

အီရတ်အကျဉ်းသားများအား မဖွယ်မရာနှိပ်စက်မှု စက်ဆုပ်ရွံရှာမိ အီရတ်တွင် ကန်အရန်ကြည်းတပ်ကို တာဝန်ယူခဲ့ရသူ ပြောကြား

နယူးယောက် မေ ၂

အီရတ်သို့ ရောက်ရှိနေသော အမေရိကန် အရန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များသည် ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများကို မဖွယ်မရာ နှိပ်စက်မှု ပြုလုပ်နေပုံများကို တွေ့မြင်ရသောအခါ မိမိအနေဖြင့် စက်ဆုပ်ရွံရှာမိသည်ဟု ထိုတပ်ဖွဲ့ဝင်များကို တာဝန်ယူရသူ ဗိုလ်ချုပ်က ပြောကြားသည်။ ယခုကဲ့သို့ လက်အောက်ခံ တပ်ဖွဲ့ဝင်များက နှိပ်စက်မှုပြုလုပ်ကြခြင်းမှာ ထိုအကျဉ်းစခန်း၌ပင် တာဝန်ကျနေသော ထောက်လှမ်းရေးအဖွဲ့များ၏ အားပေးအားမြှောက်ပြုခြင်းကြောင့် ဆောင်ရွက်ကြဖွယ်ရာရှိကြောင်း အဆိုပါဗိုလ်ချုပ်က ပြောကြားသည်ကို ကိုးကား၍ နယူးယောက် တိုင်းမ်သတင်းစာက တနင်္ဂနွေနေ့ထုတ်တွင် ဖော်ပြခဲ့သည်။

ယခုကိစ္စတွင် သက်ဆိုင်သော စစ်ဗိုလ်ချုပ်မှာ အမျိုးသမီး ဗိုလ်မှူးချုပ် ဂျားနစ်ကာပင်စကီးဖြစ်သည်။ သူမသည် အမှတ်(၈၀၀) စစ်ရဲတပ်ရင်းကြီးကို တာဝန်ယူရသူဖြစ်သည်။ နယူးယောက်တိုင်းမ် သတင်းစာက သူမနေထိုင်ရာ တောင်ကာရိုလိုင်းနားပြည်နယ်ရှိ နေအိမ်သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျဉ်းသားများကို မဖွယ်မရာ ပြုကျင့်နှိပ်စက်ခဲ့သော နေရာသည် အကျဉ်းထောင်အတွင်းရှိ အထူးလုံခြုံရေး တင်းကျပ်ထားသော ထောင်ခန်းနေရာတွင်ဖြစ်သည်။

ထိုထောင်ခန်းနေရာကို စစ်ဘက်သီးခြား ထောက်လှမ်းရေးအဖွဲ့တစ်ဖွဲ့က ကြီးကြပ် ထိန်းချုပ်ထားသည်။ ၎င်းအခန်းကို တာဝန်ယူထားရသူ အရာရှိများမှာ ယခုအချိန်အထိ ပြည်သူလူထု၏ ပြစ်တင်ဝေဖန်မှုမှ ကင်းလွတ်နေဆဲ ဖြစ်သည်ဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသော ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိပ် အကျဉ်းထောင်တွင် အီရတ်အကျဉ်းသားများကို တမင်သက်သက် နှိပ်စက်ကလူပြုနေသော ဖြစ်ရပ်နှင့် ဆက်စပ်နေသည့် ဓာတ်ပုံများကို ပြီးခဲ့သောဗုဒ္ဓဟူးနေ့က စီဘီအက်စ် ရုပ်သံမှ ထုတ်လွှင့်ပြသသွားသည်။ ထိုပြသမှုကြောင့် ယခုဖြစ်ရပ်ကို အမေရိကန်သမ္မတဘုရှ် အပါအဝင် ပြည်သူများက ပြစ်တင်ရှုတ်ချခဲ့သည်။

ယခုဖြစ်ရပ်တွင် ပါဝင်ကျူးလွန်ကြသူများသည် လူဆိုး လူညစ်များ ဖြစ်ကြသည်။ ဓာတ်ပုံတွင်ပါဝင်သော သူများ၏မျက်နှာများကို ကြည့်ခြင်းအားဖြင့် ထိုညှဉ်းပန်းနေကြသူများသည် ထိုလုပ်ရပ်တွင် မည်မျှအရသာတွေ့နေကြသည်ကို သိသာစေသည်ဟု ကာပင်စကီးက ပြောကြားသည်။

နှိပ်စက်မှုကျူးလွန်သော အကျဉ်းခန်းများမှာ စစ်ဘက်ထောက်လှမ်းရေးများက တာဝန်ယူ ကြီးကြပ်သော အကျဉ်းစခန်းများဖြစ်သည်။ ပြစ်မှုကျူးလွန်သူများကို ကြီးကြပ်သူများက တိုက်ရိုက်စေခိုင်းခြင်း မရှိသည့်တိုင်အောင် ထိုသို့ကျူးလွန်ရန် အားပေးအားမြှောက်ပြုခဲ့ဖွယ်ရာ ရှိသည်ဟု သံသယမကင်းကြောင်း ကာပင်စကီးက ပြောကြားသည်။ အီရတ်ရှိ စစ်ဦးစီးများသည် ယခုကိစ္စတွင် အပြစ်အားလုံး သူမအပေါ်၌ ပုံ၍ကျစေရန် ကြိုးစားနေကြသည်၊ အပြစ်ပုံချနေကြသည်ဟု ထင်မြင်ကြောင်းပါ ပြောကြားသွားသည်။

အီရတ်အကျဉ်းသားများကို နှိပ်စက်မှုကိစ္စကို စစ်ရဲတပ်ဖွဲ့များအပေါ် အပြစ်ပုံချခြင်းအားဖြင့် စစ်ဘက်ဆိုင်ရာတို့က ၎င်းတို့၏တာဝန်ရှိမှုမှ ရှောင်လွှဲနိုင်လိမ့်မည်ဟု ယူဆနေကြသည်။ သို့ရာတွင် ယခုကိစ္စသည် အပြစ်ရှိမှုကို ပခုံးပြောင်းပေးခိုင်းကြမည် မဟုတ်ဟု သူမက ပြောကြားခဲ့သည်။

ဗိုလ်မှူးချုပ် ကာပင်စကီးသည် ညှဉ်းပန်းနှိပ်စက်သည့်ပုံများကို ပထမဦးဆုံးအကြိမ် တွေ့လိုက်ရချိန်မှာပင် ယခုကိစ္စသည် ငြိမ်းသွားမည်မဟုတ်ဘဲ ဆက်လက်ကြီးထွားလာမည့် ပြဿနာဖြစ်ကြောင်း နားလည်ခဲ့သည်ဟု ဆိုသည်။

သူမသည် ယခုအခါ ကာလီဖိုးနီးယားသို့ ပြန်လည်ရောက်ရှိနေပြီး အရပ်ဘက် အသက်မွေးဝမ်းကျောင်းမှု အလုပ်ဖြစ်သော စီးပွားရေးအတိုင်ပင်ခံ အလုပ်ကို ဆောင်ရွက်လျက်ရှိသည်။ ပြီးခဲ့သော ဆောင်းရာသီက သူမသည် အဘူဂါရိပ်အကျဉ်းထောင်ကို တစ်ပတ်လျှင် နှစ်ကြိမ်မျှ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရေး ရောက်ရှိသောအခါများ၌ အကျဉ်းသားများကို လူသားချင်းစာနာ၍ ဆက်ဆံရန်နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများအရ လိုက်နာဆောင်ရွက်ကြရန် အကြိမ်ကြိမ် မှာကြားထားခဲ့ကြောင်း သူမ၏ ပြောကြားချက်များကို တိုင်းမ်သတင်းစာက ကိုးကားဖော်ပြသည်။

ကာပင်စကီးသည် အဘူဂါရိပ် အကျဉ်းထောင်သို့ ရောက်ရှိခဲ့သော်လည်း ယခု နှိပ်စက်မှု ဖြစ်ပေါ်ခဲ့သော အကျဉ်းခန်းများကို တစ်ခါမျှ သွားရောက်စစ်ဆေးခဲ့ခြင်း မရှိပါ။ ထိုသို့မစစ်ဆေးခြင်းမှာ ထိုအကျဉ်းခန်းများကို တာဝန်ယူထားရသော ထောက်လှမ်းရေးများကို မဆန့်ကျင်လို၍ ဖြစ်သည်ဟုဆိုသည်။ အမှန်မှာ သူမအနေဖြင့် စစ်ဘက်ထောက်လှမ်းရေးများကို ထပ်မံဆန့်ကျင်ပြီး အကျဉ်းခန်းများကို သွားရောက်ခဲ့သင့်သည်ဟု ဝန်ခံပြောကြားခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။



မေ ၁ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် ဆင်ခြေဖုံးရှိ အဘူဂါရိပ်အကျဉ်းထောင်ကို လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ၌ သေဆုံးခဲ့သည့် ကန်တပ်ဖွဲ့ဝင်အရေအတွက် စစ်ပွဲကာလတစ်လျှောက်လုံးတွင် ယခု ဧပြီလသည် အများဆုံးဖြစ်

ဝါရှင်တန် မေ ၁

အမေရိကန်တပ်ဖွဲ့ဝင်များအတွက် သေဆုံးမှု အများဆုံးလဖြစ်သည့် ဧပြီလတွင် သေဆုံးသူ အများစုမှာ အမေရိကန်ကြည်းတပ် အစောင့်တပ်ဖွဲ့နှင့် ကြည်းတပ် အရန်တပ်ဖွဲ့တို့မှ ဖြစ်ကြသည်။ ဧပြီလတွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၁၃၆ ဦးရှိရာ ယခင်သုံးလအတွင်း သေဆုံးခဲ့သည့် စုစုပေါင်း အမေရိကန်တပ်ဖွဲ့ဝင်ဦးရေထက် ပိုမိုများပြားနေသည်။ အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ မတ်လက ၅၀ ဦး၊ ဖေဖော်ဝါရီလက ၂၁ ဦးနှင့် ဇန်နဝါရီလက ၄၆ ဦး ဖြစ်သည်။

သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသက်မှာ ၁၈ နှစ်မှ ၄၉ နှစ်အကြား ရှိသူများဖြစ်သည်။ အနည်းဆုံး ၁၃ ဦးမှာ ဆယ်ကျော်သက်အရွယ်များဖြစ်ကာ အနည်းဆုံးငါးဦးမှာ အသက် ၄၀ ကျော်သူများဖြစ်သည်။ ဧပြီလ တစ်လတည်းမှာပင် အီရတ်နိုင်ငံသား ၁၃၆၁ ဦး သေဆုံးခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ဧပြီလတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် အီရတ်စစ်ပွဲတစ်လျှောက်လုံး သေဆုံးမှုအများဆုံးလဖြစ်သည်မှာ ဒွိဟပွားစရာမရှိကြောင်း အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်ထိပ်တန်းတပ်မှူးဖြစ်သည့် ဂျွန်အဘီဇိုက်က သောကြာနေ့တွင် ပြောကြားသည်။ ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည်လည်း မြင့်တက်ခဲ့သည်။ တိကျသည့် ကိန်းဂဏန်းများ မရရှိသေးပါ။ သို့ရာတွင် ဧပြီလအတွင်း ဒဏ်ရာ ရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၉၀၀ ကျော်ရှိရာ မတ်လကထက် သုံးဆကျော် မြင့်တက်လာကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။

ဧပြီလတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် အများစုမှာ ကြည်းတပ်အမျိုးသားအစောင့်တပ်ဖွဲ့နှင့် ကြည်းတပ်အရန်တပ်ဖွဲ့မှဖြစ်ပြီး ၁၇ ဦး အနည်းဆုံး သေဆုံးခဲ့သည်။ ဧပြီလနောက်ဆုံး သီတင်းပတ်တစ်ခုတည်းတွင် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ခြောက်ဦးနှင့် အရန်တပ်ဖွဲ့ဝင်တစ်ဦးတို့မှာ တိုက်ပွဲများတွင် သေဆုံးသွားခဲ့သည်။ ယခုအချိန်အထိ အီရတ်တွင် သေဆုံးသည့် အစောင့်တပ်ဖွဲ့နှင့် အရန်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်ဦးရေမှာ ၁၁၁ ဦး ဖြစ်သည်။

အင်တာနက်။

ရောမမြို့ ဟိုတယ်မီးလောင် လူသုံးဦး သေဆုံး

ရောမ မေ ၂

အီတလီနိုင်ငံ ရောမမြို့ရှိ နာမည်ကြီးဟိုတယ်တစ်ခုတွင် စနေနေ့ စောစောပိုင်းက မီးလောင်မှု ဖြစ်ပွားရာ၌ ကနေဒါ ဇနီးမောင်နှံနှင့် အမေရိကန်နိုင်ငံသားတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ရောမမြို့ မီးသတ်ဌာန ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

အမေရိကန်နိုင်ငံသား အမျိုးသားတစ်ဦးသည် မီးဘေးမှလွတ်မြောက်ရန် ခြောက်ထပ်ရှိ အဆိုပါ ဟိုတယ်၏ လေသာဆောင်တစ်ခုပေါ်မှ ခုန်ချရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဟိုတယ်၏ တတိယထပ်ရှိ အခန်းတစ်ခန်းအတွင်း နံနက် ၅ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး အနည်းဆုံး လူငါးဦးမှာ အသက်ရှူမွန်းကျပ်မှုဝေဒနာကို ခံစားကြရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁ ရက်က နာဂျက်ဖ်မြို့နှင့် ကူဖာမြို့တို့ကို ဆက်သွယ်ထားသည့် လမ်းမပေါ်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင်ဖြစ်ပွားသည့် သီးခြားတိုက်ခိုက်မှုများ၌ ကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ရေတပ်သားနှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံတွင် ဖြစ်ပွားသည့် သီးခြားတိုက်ခိုက်မှုများ၌ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် ရေတပ်သားနှစ်ဦးတို့ သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက စနေနေ့တွင် ပြောကြားသည်။ အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အမေရိကန်စစ်ယာဉ်တန်းအား လမ်းဘေးဗုံး ပေါက်ကွဲထိမှန်ခဲ့ရာ စနေနေ့က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါဒေသတွင် သောကြာနေ့က အလားတူ တိုက်ခိုက်ခဲ့ရာ၌ ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ ယင်းဒဏ်ရာဖြင့် စနေနေ့က သေဆုံးခဲ့ကြောင်း အခြားကြေညာချက်တွင် ဖော်ပြထားသည်။ ဖော်လူဂျာမြို့ ပါဝင်သည့် အလ်အန်ဘာပြည်နယ်တွင်လည်း အမေရိကန်ရေတပ်သားနှစ်ဦး သေဆုံးခဲ့ကြောင်း မရိန်းတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်မရိန်း ရှာဖွေရေးတပ်ဖွဲ့တွင် တာဝန်ချထားသော ရေလုပ်သားနှစ်ဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်သူများအား နှိမ်နင်းရေးစစ်ဆင်မှု ပြုလုပ်စဉ် သေဆုံးခဲ့ခြင်း ဖြစ်သည်။

အင်တာနက်။

မေ ၁ ရက်က ဘဂ္ဂဒက်မြို့မှ ဖော်လူဂျာမြို့သို့အသွား အဝေးပြေးလမ်းမပေါ်တွင် စစ်ဘက်ဆိုင်ရာ ထရပ်ကားတစ်စီး တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်ရှိ အကျဉ်းထောင်မှ အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များ မညှာမတာ နှိပ်စက်ညှဉ်းပန်း

ဝါရှင်တန် မေ ၂

အမေရိကန် တပ်ဖွဲ့ဝင်များသည် အီရတ် အကျဉ်းသားများအပေါ် တမင်သက်သက် နှိပ်စက်ညှဉ်းပန်းမှု ပြုမူခဲ့ကြသည့် သတင်းကို နယူးယောက်ကာ မဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သည်။

ထိုညှဉ်းပန်းနှိပ်စက်မှုများကို အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့ပြင်ရှိ နာမည်ဆိုးနှင့် လူသိများသော အဘူဂါရိပ်အကျဉ်းထောင်တွင် ပြုမူခဲ့ကြခြင်းဖြစ်သည်။ အထက်ပါ လုပ်ရပ်များကို ဖော်ပြထားသော စာမျက်နှာပေါင်း ၃၅ မျက်နှာရှိ အစီရင်ခံစာတစ်စောင်ကို နယူးယောက်မဂ္ဂဇင်းက လက်ဝယ်ရရှိခဲ့သည်ဟုဆိုသည်။ ၎င်းအစီရင်ခံစာနှင့် ပတ်သက်သော ထုတ်လွှင့်ချက် ဆောင်းပါးတစ်စောင်ကိုမဂ္ဂဇင်းက အင်တာနက်မှ ထုတ်လွှင့်ပေးခဲ့သည်။ ဖေဖော်ဝါရီလအတွင်းက ပြုစုခဲ့သော ထိုအစီရင်ခံစာကို အမေရိကန်ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေ့စ်က အတည်ပြုထားသည်ဟု ဆိုသည်။

ကျူးလွန်

မေလ ၁၀ ရက်တွင် ထုတ်ဝေမည့် နယူးယောက်ကာမဂ္ဂဇင်းမှာ တနင်္ဂနွေနေ့တွင် စတင်ရောင်းချမည်ဖြစ်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် အီရတ်အကျဉ်းသားများအပေါ် မီးစုန်းရည်များ လောင်းချနှိပ်စက်ခြင်း၊ တံမြက်စည်းလက်ကိုင်ရိုး၊ သို့မဟုတ် ကုလားထိုင်များနှင့် ရိုက်နှက်ခြင်း၊ အကျဉ်းသားများကို ထောင်နံရံများဖြင့် ကိုင်ဆောင့်ခြင်းများကို ကျူးလွန်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ဖော်ပြပါ နှိပ်စက်ညှဉ်းပန်းမှု အစီရင်ခံစာကို ဗိုလ်မှူးချုပ် အင်တိုနီယိုတာဘာက ပြုစုခဲ့ခြင်းဖြစ်သည်။ ၎င်းကို ပြုစုရာ၌ မျက်မြင်တွေ့ရှိသူများ၏ ထွက်ချက်အသေးစိတ်များ၊ ဓာတ်ပုံအထောက်အထားများအားလုံး ပါဝင်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

အီရတ်အကျဉ်းသားများကို မတရားပြုသည်။ ဓာတုဗေဒပစ္စည်းများဖြင့် နှိပ်စက်သည်ဆိုသော စွဲချက်များနှင့် ပတ်သက်၍ အမေရိကန်စစ်ဌာနချုပ် အထက်တန်းအရာရှိက မသိရကြောင်း၊ သို့သော်လည်း မည်သည့်နည်းနှင့်မဆို အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းသည်ဆိုသော လုပ်ရပ်မှာ လက်ခံနိုင်ဖွယ်ရာမရှိသော လုပ်ရပ်ပင်ဖြစ်ကြောင်းဟု ပြောကြားခဲ့သည်။

အီရတ်အကျဉ်းသားများကို မညှာမတာ ညှဉ်းပန်းမှု သတင်းဖော်ပြချက်များ ကမ္ဘာတစ်လွှား ပျံ့နှံ့သွားပြီးနောက်ပိုင်း ရက်အတန်ကြာ စစ်ဘက်အစီရင်ခံစာနှင့် သက်ဆိုင်သောသတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။

အီရတ်အကျဉ်းသားများကို မညှာမတာ နှိပ်စက်ညှင်းပန်းနေစဉ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လှောင်ပြောင် ပြုံးရယ်နေပုံများ ပါရှိသည်ဟု ဆိုသည်။

အမေရိကန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ရင်ဝှိုက်မင်သည် နယူးယောက်မဂ္ဂဇင်း ဖော်ပြချက်များနှင့် ပတ်သက်၍ ဝေဖန်ချက်ပေးခြင်းမရှိခဲ့ပါ။ သို့ရာတွင် အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှု မှန်သမျှကို မိမိတို့အနေဖြင့် အလေးအနက်ထားအရေးယူ စုံစမ်းမှုများ ပြုလုပ်ပါမည်ဟုသာ ပြောခဲ့ကြောင်း။

ယခုနှစ်စောစောပိုင်းတွင် အကျဉ်းသားနှိပ်စက်မှုသတင်းများ ထွက်ပေါ်လာသည့်အချိန်မှစ၍ သက်ဆိုင်ရာများသည် ချက်ချင်းအရေးယူ စုံစမ်းမှုများပြုလုပ်ခဲ့ကြသည်။ ထိုသို့ နှိပ်စက်မှုများ စစ်ဘက်အကျဉ်းသား ထိန်းသိမ်းရေး စခန်းများတွင် ပျံ့နှံ့သွားခြင်းမရှိအောင် ကာကွယ်မှုများပြုလုပ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်း တင်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အမ်မာရာမြို့တွင် ကင်းလှည့်သည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ပြောက်ကျားတို့နှင့် တိုက်ပွဲဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင် ခြောက်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံတောင်ပိုင်း အမ်မာရာမြို့တွင် စနေနေ့ကခြေကျင်ကင်းလှည့်ထွက်လာသော ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ ခုနစ်နာရီခွဲကြာမျှ တိုက်ပွဲဖြစ်ပွားခဲ့ရာ အီရတ်ငါးဦးသေဆုံးပြီး ဗြိတိသျှတပ်ဖွဲ့ဝင် ခြောက်ဦးဒဏ်ရာရရှိကြောင်း၊ အမ်မာရာမြို့၏ မြို့လယ်ဒေသတွင် ကင်းလှည့်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို စတင်ပစ်ခတ်ခဲ့ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ဗြိတိသျှတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သေနတ်ထိမှန်သေဆုံးခဲ့သော အီရတ်ငါးဦးမှာ ရှီးယိုက်ခေါင်းဆောင် မိုတာဒါးအယ်လ်ဆာဒါး၏ ပြည်သူ့စစ်အဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများကို အမ်မာရာမြို့ရှိ အယ်လ်ဆာဒါး၏ ရုံးခန်းသို့ သယ်ဆောင် သွားခဲ့ကြောင်း သိရသည်။

တရားဝင် ပြောဆိုခြင်းမရှိ

အဆိုပါမြို့တွင် စနေနေ့ညပိုင်းအထိ တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဗြိတိသျှတော်ဝင်ရေတပ်မှ တပ်ခွဲမှူး လီပန်အာနိုက ပြောကြားသည်။ ဗြိတိသျှတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူက အတည်ပြုသော်လည်း အီရတ်ဘက်မှ သေဆုံးမှုနှင့်ပတ်သက်၍ တရားဝင်ပြောဆိုခြင်းမရှိပေ။

ယခုအချိန်တွင် အမ်မာရာမြို့တွင် မငြိမ်သက်မှု ဆက်လက်ဖြစ်ပေါ်နေကြောင်း၊ နောက်ဆက်တွဲ စစ်ဆင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း အာနိုက ပြောကြားသည်။

အီရတ်ပြောက်ကျားများသည် စနေနေ့ညက ဗြိတိသျှ စစ်အခြေစိုက်စခန်းတစ်ခုကို ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောကြား

စနေနေ့နေ့လယ်မှစ၍ တိုက်ခိုက်မှုများစတင်ခဲ့ကြောင်း၊ ကင်းလှည့်လာသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ပစ်ခတ်ခံရရာမှ ပြန်လည်ပစ်ခတ်ခဲ့ပြီး ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း၊ အခြား ဗြိတိသျှတပ်ဖွဲ့ဝင်များက ဒဏ်ရာရတပ်ဖွဲ့ဝင်ကို ကယ်နိုင်ရန်ကြိုးပမ်းရာ ဗြိတိသျှတပ်ဖွဲ့ဝင် နောက်ထပ်ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း အာနိုက ပြောကြားသည်။ တိုက်ပွဲဖြစ်ပွားစဉ် ဗြိတိသျှ စစ်ထရပ်ကားနှစ်စီး မီးလောင်ကျွမ်းခံရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အင်တာနက်။

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲ၍ လူသုံးဦး ဒဏ်ရာရရှိ

မိုဆူးလ်(အီရတ်) မေ ၂

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် စနေနေ့က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အနည်းဆုံး နိုင်ငံခြားသားလုံခြုံရေးဆိုင်ရာ ပုဂ္ဂိုလ်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အဆိုပါ လမ်းဘေး ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ တရားဝင် ချက်ချင်း ပြောကြားခြင်း မရှိသေးပေ။ လမ်းဘေးဗုံးသည်အမေရိကန် ဦးဆောင်သည့် အီရတ်သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေသည့် အီရတ်ပြောက်ကျားများ အကြိုက်တွေ့ရသည့် လက်နက်ဖြစ်သည်။

ယင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်များ စီးနင်းလာသည့် ယာဉ်မှာ ပျက်စီးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မီးရှို့ဖျက်ဆီး

ဧပြီ ၃၀ ရက်က ဖော်လူဂျာမြို့ရှိ စခန်းများကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ မီးရှို့ဖျက်ဆီးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ၌ ပျောက်ဆုံးသည့် ဂျာမနီလုံခြုံရေး တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး သေဆုံးလျက်တွေ့ရှိဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန အတည်ပြု

ဘာလင် မေ ၂

လွန်ခဲ့သည့်လက အီရတ်နိုင်ငံတွင် ပျောက်ဆုံးခဲ့သည့် ဂျာမနီလုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦးကိုသေဆုံးလျက်တွေ့ရှိရကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ အဆိုပါ ဂျာမနီနိုင်ငံသားမှာ အခြားလုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်အတူ လွန်ခဲ့သည့်လက ဂျော်ဒန်နိုင်ငံမှ ဘဂ္ဂဒက်မြို့သို့အသွား ၎င်းတို့စီးနင်းလိုက်ပါလာသည့် ယာဉ်တန်း တိုက်ခိုက်ခံရပြီး ပျောက်ဆုံးခဲ့သည်။

အဆိုပါ ပုဂ္ဂိုလ်ကို မည်ကဲ့သို့တွေ့ရှိရသည်ကို ထုတ်ဖော်ပြောကြားမည်မဟုတ်သော်လည်း အခြားလူတစ်ဦးကို ရှာဖွေလျက်ရှိကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ ဂျာမနီနှစ်ဦးမှာ သေဆုံးဖွယ်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက စောစောပိုင်းတွင် ပြောကြားခဲ့သည်။

ဂျာမနီလုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးအနက် တစ်ဦး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ဂျာမနီကျွမ်းကျင်သူများက စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ဂျာမနီနိုင်ငံသားနှစ်ဦးသည် မကြာသေးခင် သီတင်းပတ်များက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ် ပြောက်ကျားများ အပြင်းအထန် တိုက်ပွဲဖြစ်ပွားခဲ့ရာ ဖော်လူဂျာမြို့အနီးတွင် ပျောက်ဆုံးခဲ့ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ဆန်ဖူလုံရေးနှင့် နည်းပညာတိုးတက်မှုကဏ္ဍ

အောင်စည်ဟိန်း

၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ **ကမ္ဘာ့လူဦးရေနေ့** အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဖြန့်ဝေသည့် သတင်းလွှာအရ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၃၀၀ မျှ ရှိပြီဖြစ်ကြောင်း သိရသည်။ လူဦးရေတိုးလာသည်နှင့်အမျှ စားနပ်ရိက္ခာကလည်း လုံလောက်ဖို့လိုမည်ဟု ကျွန်တော့်စိတ်မှာ တွေးလိုက်မိသည်။

၁၉၇၄ ခုနှစ်က ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့တော်တွင် **ကမ္ဘာ့လူဦးရေနှစ်** အခမ်းအနား ကျင်းပခဲ့ဖူးပါသည်။ ယင်းအခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့ဝင် ၁၄၉ နိုင်ငံ တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားတွင် လူဦးရေနှင့် ရိက္ခာပြဿနာကို အဓိကထားဆွေးနွေးခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုက လူဦးရေကိစ္စနှင့် ပတ်သက်၍ တင်ပြရာတွင် လူဦးရေမထိန်းချုပ်နိုင်လျှင် ရိက္ခာအခက်အခဲ ရှိမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုတစ်ခုတွင် သားသမီးနှစ်ယောက်ထက် မပိုသင့်ကြောင်း ပါရှိသည်။ တရုတ်နိုင်ငံကမူ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေကန့်သတ်ဖို့မလိုဘဲ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့သာ လိုကြောင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ သွေးစုပ်ခြယ်လှယ်မှုသည် နိုင်ငံငယ်များ ဆင်းရဲရခြင်း၏ အကြောင်းခံဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေကိစ္စမှာ နိုင်ငံတစ်ခုချင်း၏ အရေးကိစ္စသာဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။ မှန်ပါသည်။ လူအင်အားစီမံကိန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ကာကွယ်ရေး၊ ပညာရေး စသည့်စီမံကိန်းများနှင့် တိုက်ရိုက်ဆက်စပ်နေသော အခြေခံစီမံကိန်းတစ်ခုဖြစ်သဖြင့် နိုင်ငံတစ်ခုချင်း၏ အရေးကိစ္စသာဖြစ်ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးကမူ ချမ်းသာပြီး လူနေမှုအဆင့်မြင့်သည့် နိုင်ငံများတွင် လူဦးရေကျဆင်းပြီး ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျဆဲနိုင်ငံများတွင် လူဦးရေတိုးတက်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိလူဦးရေတိုးနှုန်း ပျမ်းမျှ ၁ ဒသမ၃ ရာခိုင်နှုန်းမှ ၂၀၁၀ ပြည့်နှစ်တွင် ၁ဒသမ၂၊ ၂၀၂၀ ပြည့်နှစ်တွင် ၁ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်တွင် သုည ဒသမ ၇၊ ၂၀၄၀ ပြည့်နှစ်တွင် သုည ဒသမ ၆၊ ၂၀၅၀ပြည့်နှစ်တွင် သုည ဒသမ ၄ စသည်ဖြင့် တဖြည်းဖြည်း ကျဆင်းသွားနိုင်ကြောင်း တွက်ချက်တင်ပြထားပါသည်။

စားနပ်ရိက္ခာအနက် ဆန်သည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်က စားသုံးသော ရိက္ခာဖြစ်သဖြင့် ဆန်စပါးထုတ်လုပ်မှုကို လေ့လာကြည့်ရာ လွန်ခဲ့သော နှစ်ငါးဆယ်ဖြစ်သည့် ၁၉၅၃ ခုနှစ်က ကမ္ဘာ့စပါးစိုက်ဧရိယာမှာ ဟက်တာ ၁၀၉ သန်းကျော်သာ ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ဟက်တာ ၁၅၄ သန်းခန့်အထိ တိုးတက်ခဲ့ကြောင်း တွေ့ရသည်။ စပါးအထွက်နှုန်းမှာလည်း ၁၉၅၃ ခုနှစ်က တစ်ဟက်တာလျှင် ပျမ်းမျှ ၁ ဒသမ ၈၂ တန်သာ ထွက်ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ပျမ်းမျှ ၃ ဒသမ ၈၉ တန်အထိ တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၀၀ ပြည့်နှစ် တစ်ဟက်တာ စပါးအထွက်နှုန်းတွင် အထူးအထွက်နှုန်းရရှိကြသည့် နိုင်ငံအချို့ကို တင်ပြရလျှင် ဩစတြေးလျက ၉ဒသမ၆၆ တန်၊ အီဂျစ်က ၉ဒသမ၀၉ တန်၊ အမေရိကန်က ၇ဒသမ၀၄ တန်၊ ဂျပန်က ၆ ဒသမ ၇၀ တန်၊ တောင်ကိုရီးယားက ၆ ဒသမ ၅၉တန်နှင့် တရုတ်က ၆ဒသမ ၂၃ တန် ဖြစ်ကြပါသည်။ ယခုအခါ ကမ္ဘာ့စိုက်ပျိုးရေး သုတေသနပညာရှင်များက တစ်ကြိမ်စိုက်လျှင် တစ်ဟက်တာမှာ စပါး ၁၀တန်ကျော် အထွက်နှုန်းရအောင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးတွင် စက်မှုနှင့်စိုက်ပျိုးရေးပညာရှင်များ၏ ကြိုးပမ်းအားထုတ်ခဲ့မှုများသည် ချီးကျူးဖွယ်ဖြစ်ပါသည်။ လူတို့စပါးစိုက်ပျိုးတတ်လာသည့် နှစ်ပေါင်းတစ်သောင်းကျော် ကာလအတွင်း မိသားစုဝမ်းစာဖူလုံရေးကို ဦးစွာလုပ်ဆောင်ခဲ့ကြပြီး နောက်ပိုင်းတွင် ကြွေးဆပ်ခြင်း၊ လုပ်ခရယူခြင်း၊ လယ်ငှားခရယူခြင်း ကိစ္စများတွင်ပါ စပါးကိုသုံးခဲ့ကြသည်။ ပင်လယ်ရေကြောင်း သင်္ဘောလမ်း ပွင့်လာသည့်အခါ ဆန်စပါးကုန်ကူးမှု အတွေ့အကြုံရင့်ကျက်လာကြသည်။ ရှေးခေတ်က ဥရောပနိုင်ငံအချို့တွင် ဆန်ကိုစားဖို့မဟုတ်ဘဲ ချည်ထည်များ ကော်တင်ရန်အတွက် ဝယ်ယူခဲ့ဖူးကြောင်း သိရသည်။

ရှေးခေတ်က ဆန်စပါးမလုံလောက်မှုကြောင့် လူတို့ အစုလိုက် အပြုံလိုက် အငတ်ဘေးဒုက္ခမျိုးစုံကြုံခဲ့ရပုံ၊ အကျင့်စာရိတ္တပျက်ပြားခဲ့ရပုံ၊ တရားဥပဒေကို မစောင့်ထိန်းနိုင်အောင်ဖြစ်ခဲ့ကြပုံ၊ ရိက္ခာပြတ်လပ်သဖြင့် မြက်ပင်ကို စားခဲ့ကြရပုံ စသည့်ဖြစ်စဉ်များမှာ ကမ္ဘာ့ဒေသအများအပြားတွင် ဘိုးဘေးဘီဘင်တို့ ပြောခဲ့၊ ရေးမှတ်ခဲ့သည်များ ရှိခဲ့ပါသည်။ ယခုခေတ်တွင်လည်း ငတ်မွတ်သေကျေမှု အနည်းနှင့်အများဆိုသလို ကမ္ဘာ့ဒေသအချို့တွင် ရှိနေမည်သာ ဖြစ်ပါသည်။

ဆန်စပါးနှင့်ပတ်သက်သည့် ခါးသီးသော အတွေ့အကြုံများအရ ငတ်မွတ်ခေါင်းပါးမှု ဘေးဒုက္ခမှ ကျော်လွှားနိုင်အောင် ပညာရှင်များဘက်ကလည်း အံ့မခန်းကြိုးပမ်းခဲ့သည်ကို တွေ့နိုင်ပါသည်။ ပြင်သစ် ပညာရှင်ကြီး ပါမင်းတီးယား (Parmentier) ဆိုလျှင် အငတ်ဘေးကြုံရချိန်မျိုးတွင် အာလူးအပါအဝင် စားသုံးနိုင်သည့် အသီးအပင်များကို စူးစမ်းရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ပါသည်။ စက်မှုတော်လှန်ရေးကြောင့် အမေရိကနှင့် ဥရောပတို့တွင် ၂၀ ရာစု အဦးပိုင်းမှစ၍ ထွန်စက်အပါအဝင် စက်မှုနည်းနာများ အရှိန်အဟုန်ရခဲ့သည်။ ၁၉၃၀ ပြည့်နှစ်များတွင်မူ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ပေါ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်များတွင် သီးနှံပင်ဆိုင်ရာ မျိုးရိုးဗီဇပညာရှင်များပေါ်ခဲ့ပြီးနောက် **မြစိမ်းရောင်တော်လှန်ရေး**(Green Revolution) ခေါ် သမားရိုးကျ စိုက်ပျိုးထုတ်လုပ်စနစ်မှ စက်မှုသိပ္ပံနည်းပညာအခြေခံစိုက်ပျိုးထုတ်လုပ်စနစ်သို့ ကူးပြောင်းနိုင်ခဲ့ပါသည်။ ၁၉၆၆ ခုနှစ်ကို **အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်** (International Rice Year)ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက သတ်မှတ်ပြီး မြစိမ်းရောင်တော်လှန်ရေးလုပ်ငန်းစဉ်များ ချမှတ်တိုက်တွန်း ခဲ့ပါသည်။ ၁၉၇၀ ပြည်နှစ်များတွင် ဇီဝဓာတုနည်းပညာဖြင့် သီးနှံအထွက်နှုန်းတိုးစေပြီး ရောဂါပိုးမွှားဒဏ် ခံနိုင်သော စပ်မျိုး (Hybrid Seeds)များ ထုတ်လုပ် နိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်များတွင်မူ ပုံတူမျိုးပွားနည်းပညာရပ် (Cloning of Plants) ပေါ်ခဲ့ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၌ စမ်းသပ်အောင်မြင်ခဲ့ကြောင်း၊ ယင်းနည်းပညာဖြင့် စပါးကို စိုက်ပျိုးချိန်မှ ဈေးကွက်ရောက်သည်အထိ စီးပွားဖြစ် စီမံဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ်များတွင် ကမ္ဘာ့တစ်ဝန်း ခေတ်မီနိုင်ငံများ၌ မျိုးဗီဇအသွင်ပြောင်း သီးနှံ စိုက်ပျိုးရေးစနစ်များ ထွန်းကားလာခဲ့သလို အရည်အသွေး ထိန်းသိမ်းရေးနှင့် အတွေ့အကြုံနည်းပညာလိုအပ်ချက်အရ စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် အလုပ်သမားမိသားစုများ အကျိုးတူပူးပေါင်းပိုင်ဆိုင်မှု (corporate ownership)စနစ်မျိုးလည်း ပေါ်ထွက်ခဲ့ပါသည်။ ထို့အပြင် **နှစ်ဆတိုး မြစိမ်းရောင်တော်လှန်ရေး** (doubly green revolution) ဟူသော အမြင်သစ်များလည်း ပေါ်ထွက်ခဲ့ပါသည်။ နှစ်ဆတိုး မြစိမ်းရောင်တော်လှန်ရေးသမားများ၏ အဆိုအရ တိုးပွားနေသော ကမ္ဘာ့လူဦးရေအတွက် လိုအပ်မည့် ကောက်ပဲသီးနှံပြည့်မီရေးတွင် စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ ဆည်မြောင်းများတိုးချဲ့ခြင်း စသည့် သမားရိုးကျနည်းနာများဖြင့် လိုက်မမီနိုင်တော့ကြောင်း၊ ဇီဝနည်းပညာဖြင့် အပင်နှင့်တိရစ္ဆာန်တို့၏ အရည်အသွေးနှင့်အရေအတွက်ကို လျင်မြန်စွာ တိုးတက်ပြောင်းလဲစေသည့် နည်းလမ်းသည်သာ မှန်ကန်သော ဖြေရှင်းနည်းဖြစ်ကြောင်း သိရှိရပါသည်။

ဆန်စပါးထုတ်လုပ်မှုကိုကြည့်လျှင် ၂၀၀၀ ပြည့်နှစ် စာရင်းအရ ကမ္ဘာ့စပါးထုတ်လုပ်မှု မက်ထရစ်တန် ၅၉၈ ဒသမ ၈၅၂ သန်းရှိပါသည်။ အာရှတိုက်မှ တန် ၅၄၅ ဒသမ ၄၇၇သန်း ထုတ်လုပ်ခဲ့ပြီး လက်တင် အမေရိကတိုက်မှ တန် ၂၂ ဒသမ ၉၉ သန်း၊ အာဖရိကတိုက်မှ တန်၁၇ဒသမ ၁၉ သန်း၊ ဥရောပတိုက်မှ တန် ၃ ဒသမ ၁၀၃ သန်း၊ အမေရိကန် ပြည်ထောင်စုမှတန် ၈ ဒသမ ၆၆၉ သန်း၊ ဩစတြေးလျတိုက်မှ တန် ၁ ဒသမ ၄သန်း အသီးသီး ထုတ်လုပ်ခဲ့ပါသည်။

ဆန်တင်ပို့ရောင်းချရာ၌ ထိုင်းကတန် ၆ ဒသမ ၁၄သန်း၊ ဗီယက်နမ်က တန် ၃ ဒသမ ၄၇၇ သန်း၊ တရုတ်က တန် ၃ ဒသမ ၀၇၁သန်း၊ အမေရိကန်ပြည်ထောင်စုက တန် ၂ဒသမ ၇၃၆သန်း၊ ပါကစ္စတန်က တန် ၂ဒသမ ၀၁၆သန်း၊ အိန္ဒိယက တန် ၁ ဒသမ ၅၃၃သန်းဖြင့် ထိပ်ပိုင်းမှာရှိနေကြသည်။ တစ်ကမ္ဘာလုံး ဆန်တင်ပို့မှုပမာဏမှာ တန်ချိန် ၂၃ ဒသမ ၄၂၈ သန်းဖြစ်ပါသည်။

အာရှနိုင်ငံများထဲမှ ဆန်တင်သွင်းမှု အခြေအနေကိုလည်း ယခုလို တွေ့ရပါသည်။ အင်ဒိုနီးရှားက တန်ချိန် ၁၃၅၅၀၀၀၊ ဘင်္ဂလားဒေ့ရှ်က တန် ၅၀၂၀၀၀၊ မလေးရှားက တန် ၆၁၂၀၀၀၊ ဂျပန်က တန် ၆၅၆၀၀၀၊ ဖိလစ်ပိုင်က တန် ၆၄၂၀၀၀၊ မြောက်ကိုရီးယားက တန် ၄၀၀၀၀၀၊ တောင်ကိုရီးယားက တန် ၁၇၂၀၀၀၊ နီပေါက တန် ၁၉၅၀၀၀၊ သီရိလင်္ကာက တန် ၂၀၆၀၀၀၊ ကမ္ဘောဒီးယားက တန် ၃၆၀၀၀၊ လာအိုက တန် ၁၀၀၀၀၊ ဘူတန်က တန် ၁၀၀၀၀ အသီးသီးတင်သွင်းကြပါသည်။ တစ်ကမ္ဘာလုံး ဆန်တင်သွင်းမှုပမာဏမှာ တန်ချိန် ၂၁ ဒသမ ၇၈၈ သန်းဖြစ်ပါသည်။

၁၉၉၉ခုနှစ် ကမ္ဘာ့ဆန်စားသုံးမှုစာရင်းကိုကြည့်ရာ လူတစ်ဦးတစ်နှစ်ပျမ်းမျှ ၅၈ကီလိုဖြစ်ပါသည်။ ဆန်ကိုအဓိကစားသုံးသည့် အာရှနိုင်ငံများ၏ ဆန်စားနှုန်းကို ဖော်ပြရလျှင် မြန်မာတစ်ဦး တစ်နှစ် ၂၁၁ ကီလို၊ လာအို ၁၇၁ ကီလို၊ ဗီယက်နမ် ၁၆၉ကီလို၊ ဘင်္ဂလားဒေ့ရှ် ၁၆၈ကီလို၊ ကမ္ဘောဒီးယား ၁၆၅ကီလို၊ အင်ဒိုနီးရှား ၁၅၄ကီလို၊ ထိုင်း ၁၀၁ကီလို၊ ဖိလစ်ပိုင် ၁၀၀ကီလို၊ တောင်ကိုရီးယား ၉၄ကီလို၊ တရုတ် ကီလို ၉၀၊ မြောက်ကိုရီးယား ၇၅ ကီလို၊ အိန္ဒိယ ၇၄ကီလို၊ ဂျပန် ကီလို ၆၀၊ ပါကစ္စတန် ၁၅ ကီလို အသီးသီးစားသုံးကြပါသည်။

အချုပ်အားဖြင့် နှစ်ဆယ့်တစ်ရာစုတွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်အတွက် ဆန်သည် မရှိမဖြစ်လိုအပ်နေမည်သာဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း လူဦးရေသည် တိုးမြဲတိုးနေမည်သာဖြစ်ပါသည်။

ကမ္ဘာ့စပါးထွက်၏ ၉၀ ရာခိုင်နှုန်းကို ထုတ်လုပ်နေသည့် အာရှနိုင်ငံများထဲတွင်ပင် တစ်နှစ်ထက်တစ်နှစ် ဆန်လိုအပ်မှု မြင့်တက်နေဖွယ်ရှိပါသည်။ ကမ္ဘာ့ဆန်ဖူလုံရေးတာဝန်သည် ဆန်စပါးထုတ်လုပ်သည့် အထူးသဖြင့် ပိုလျှံစပါးများ ထုတ်ရောင်းနိုင်သည့် နိုင်ငံတိုင်းတွင် တာဝန်ရှိသည်ဟု ဆိုနိုင်ပါသည်။ ယင်းနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ရာ စပါးစိုက်ပျိုးရေး နိုင်ငံတိုင်း၏ တာဝန်ဖြစ်သည့် စိုက်ပျိုးမြေနှင့် ရေအရင်းအမြစ် တိုးချဲ့ထူထောင်ခြင်း၊ အထူးပြုနည်းပညာဖြင့် **နှစ်ဆတိုးမြစိမ်းရောင်တော်လှန်ရေး** ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်းနှင့် ကမ္ဘာ့ဆန်ဖူလုံရေး သန္နိဋ္ဌာန်စိတ်ဓာတ်ထားရှိခြင်းတို့သည် **ဆန်ပြဿနာ**ကို အကောင်းဆုံး ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် အရှေ့အာရှနှင့် ပစိဖိတ်မိသားစုအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ဧပြီ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပသည့် အရှေ့အာရှနှင့် ပစိဖိတ်မိသားစုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် အဖွဲ့သည် မေ ၁ ရက် ညနေ ၆ နာရီမိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအောင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်မြင့်အား ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ရီ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မေ ၂ ရက်က (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲကို မင်္ဂလာဒုံ တပ်မတော်ဆေးရုံကြီး၌ ပြုလုပ်ရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
-Structure of Markets
(စီးပွားရေး၊စီးပွားစီမံ၊ပြည်သူ့ရေးရာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၆)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၁၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

သဗ္ဗညု ပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ဆက်ကပ်လှူဒါန်း

မေ ၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တ စံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ သဗ္ဗညု ပုထိုးတော်ကြီးတွင်တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့်လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

စိန်ဖူးတော်ပင့်ဆောင်

မေ၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့်စိန်ဖူးတော်ကို ပင့်ဆောင်လျက် သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်စဉ်။ (သတင်းစဉ်)

လှည့်လည်ပူဇော်

မေ ၃ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ဆပ်သွားဖူးတော်ကို ပင့်ဆောင်လျက် သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်စဉ်။ (သတင်းစဉ်)

မေ ၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်ကိုပင့်ဆောင်လျက်သဗ္ဗညုပုထိုးတော်ကြီးအားလက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်စဉ်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

အခမ်းအနား ပထမပိုင်းဖြစ်သည့် ဒါန၊သီလ၊ ဘာဝနာကုသိုလ် ဆည်းပူးခြင်း အစီအစဉ်ကို နံနက် ၇နာရီတွင် သဗ္ဗညုပုထိုးတော်ကြီး မြေညီထပ်၌ ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကောသလ ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နဝင်္ဂ သီလ ခံယူဆောက်တည်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုင်ငံတော် ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသထံ ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်ကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို သဗ္ဗညုပုထိုးတော်ကြီးရင်ပြင်၌ ချည်နှောင်ပက်ဖျန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တ စံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဓမ္မသက သီလရှင် စာသင်တိုက် ပဓာန နာယက သီလရှင် အဖွားလေး ဒေါ်ဓမ္မေသီထံ ပိဋကတ်သုံးပုံစာအုပ်များကို လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေး ဆရာတော်ဘဒ္ဒန္တကုမာရထံ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံ ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံတော် ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံ ရွှေထီးတော်၏ ကောဒသမဘုံဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

သီလရှင်ဝတ်စုံလှူဒါန်း

ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၏ ဇနီးများက သီလရှင်များအား သီလရှင်ဝတ်စုံ လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရက အနုမောဒနာ တရားနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကုသိုလ်ပုညများအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ပထမပိုင်း ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ဆည်းပူးခြင်း အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ပင့်ဆောင်

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းဖြစ်သည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို သဗ္ဗညုပုထိုးတော်ကြီးအတွင်းမှ ရွှေထီးတော် တင်လှူမည့် မဟာမင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ခြင်းအစီအစဉ်ကိုကျင်းပရာ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ငှက်မြတ်နားတော်ကို လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆပ်သွားဖူး တော်ကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရွှေထီးတော်၏ ကောဒသမ ဘုံဆင့်ကိုလည်းကောင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီး ချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး များက ရွှေထီးတော်ဘုံဆင့်များကို လည်းကောင်း အသီးသီး ပင့်ဆောင် ကြပြီး သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည် ပူဇော်ကြကာ ရွှေထီးတော်တင်လှူမည့် မဟာမင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြ သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သဗ္ဗညုပုထိုးတော်ကြီးအားလက်ယာ ရစ်တစ်ပတ် လှည့်လည်ပူဇော်ခံစဉ် နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာ ဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ စည်တော်သံ ဓမ္မပူဇာ တေးဖြင့် သီကျူးပူဇော်သည်။

ဖူးမြော်ကြည်ညို

ယင်းသို့ အပူဇော်ခံစဉ်တွင် သဗ္ဗညု ပုထိုးတော်ကြီးပတ်လည်၌ နေရာယူ ထားသော ဘာသာရေး အသင်းအဖွဲ့ များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများကလည်း သဗ္ဗညုပုထိုး တော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို သဒ္ဓါကြည်ညိုစွာ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်း အနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း သာသနာရေးဦးစီး ဌာနမှူး ဦးစံသင်းလှိုင်က မင်္ဂလာ အခါတော်ပေး အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာ သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နိုင်ငံတော် ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနရိန္ဒာဘိဝံသ ထံ ရွှေထီးတော်၏ ကောဒသမ ဘုံအဆင့်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

က သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆပ်သွားဖူးတော်ကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရွှေထီးတော်၏ ကောဒသမ ဘုံဆင့်ကိုလည်းကောင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ရွှေထီးတော်ဘုံဆင့်များကို လည်းကောင်း အသီးသီး ပင့်ဆောင်ကြပြီး သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြကာ ရွှေထီးတော်တင်လှူမည့် မဟာမင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ခံစဉ် နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ စည်တော်သံ ဓမ္မပူဇာတေးဖြင့် သီကျူးပူဇော်သည်။

ဖူးမြော်ကြည်ညို

ယင်းသို့ အပူဇော်ခံစဉ်တွင် သဗ္ဗညုပုထိုးတော်ကြီးပတ်လည်၌ နေရာယူထားသော ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများကလည်း သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို သဒ္ဓါကြည်ညိုစွာ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က မင်္ဂလာအခါတော်ပေး အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရောင်တော်ဖွင့်ပူဇော်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပြီး ရောင်တော်ဖွင့်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များက ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်း ပူဇော်ပြီး ရောင်တော်ဖွင့်ပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က မေတ္တာပို့ ဆုတောင်းဂါထာများကို ရွတ်ဆိုပူဇော်သည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး မောင်အေးနှင့်ဇနီး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီး များနှင့် ဒုတိယဝန်ကြီးများ၊ အလှူရှင် များက ရွှေထီးတော်ကြီး၏ ပထမ ဘုံဆင့်ကို တီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံ ဖြင့် သဗ္ဗညုပုထိုးတော်ကြီး၏ အထွတ် သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ သဘင် ပညာရှင်များအစည်းအရုံး အတွင်း ရေးမှူး ဦးအောင်တင်ဝင်း ရေးစပ် သီကုံးသော မင်္ဂလာကေပိုဒ်ရတုကို ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် သား မင်းသား အောင်ကိုဝင်းတို့က အနုပညာဦးစီးဌာန နိုင်ငံတော် ဆိုင်းအဖွဲ့ဖြင့် တွဲဖက်သီဆို တီးမှုတ် ပူဇော်ကြသည်။ ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးမောင်အေးနှင့်ဇနီး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီးနှင့် ပရိသတ်များက ရွှေထီးတော် ဘုံဆင့်များ၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တို့ကို မင်္ဂလာရထားပျံဖြင့် သဗ္ဗညု ပုထိုးတော်ကြီး၏အထွတ်သို့ ပင့် ဆောင်ပူဇော်ကြသည်။



ဗုဒ္ဓါဘိသေက အနေကဇာတင်

သဗ္ဗညုပုထိုးတော်ကြီး ဗုဒ္ဓါဘိသေကအနေကဇာ တင် အခမ်းအနားတွင် ဆရာတော် သံဃာတော် များက ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူ ကြစဉ်။ (သတင်းစဉ်)

ပက်ဖျန်းပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်း ပူဇော်စဉ်။ (သတင်းစဉ်)

နေ့ဆွမ်းဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နိုင်ငံတော် ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသ ထံ ရွှေထီးတော်၏ ကောဒသမ ဘုံအဆင့်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဓမ္မပူဇာတေးသီကျူး

ထိုကဲ့သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်နေစဉ်တွင် တိန္နိ အနုပညာရှင်များနှင့် အနုပညာ ဦးစီးဌာနတို့မှ အနုပညာရှင်များက နိုင်ငံတော်မင်္ဂလာဆိုင်းအဖွဲ့၊ မင်္ဂလာ စည်တော်အဖွဲ့၊ မင်္ဂလာစောင်းအဖွဲ့ တို့ဖြင့် တွဲဖက်လျက် ဓမ္မပူဇာတေး များ၊ စည်တော်သံနှင့် ကေပိုဒ်ရတု တို့ကို သီကျူးတီးမှုတ် ပူဇော်ကြ သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တို့ကို သဗ္ဗညုပုထိုးတော်ကြီး၏ အထွတ်တွင် တင်လှူပူဇော်ပြီး စိန်ဖူး တော်၌ ဌာပနာတော်များကို ထည့်သွင်းပူဇော်ကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော် နှင့် ရွှေထီးတော်တို့ကို နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက စိန်ဖူးတော်၊ ငှက်မြတ်နား တော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီး တော် ဘုံအဆင့်များကို နံ့သာရည် များဖြင့် ပက်ဖျန်းပူဇော်သည်။

အောင်ဂါထာများရွတ်ဆို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြည်ထောင်စု မြန်မာနိုင်ငံတော် မြန်မာနိုင်ငံ ပြည်သူ များနှင့် လူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့အား ဆုတောင်းမေတ္တာ ပို့သပြီး ပရိသတ်များက "ဇယမ္ဂေ ဗောဓိယာမူလေ" အစရှိသော အောင် ဂါထာများကို သုံးကြိမ်ရွတ်ဆို ပူဇော် ကြသည်။

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်း အနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်း လိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ အောင်မြင် ခြင်း အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ် မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ် မှူးကြီး မောင်အေးတို့က ရတနာရွှေမိုး **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

❀ စာမျက်နှာ ၉ မှ

ငွေမိုး ရှာသွန်းဖြိုးပေးကြသည်။ ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။ ဆက်လက်၍ တတိယပိုင်းအစီအစဉ်ဖြစ်သည့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို သဗ္ဗညုပုထိုးတော်ကြီး၏ တတိယထပ် ဂန္ဓကုဋိတိုက်အတွင်း၌ကျင်းပရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဘဒ္ဒန္တ ဒေါက်တာ ဉာဏိဿရနှင့် ဆရာတော် သံဃာတော်များက သဗ္ဗညုပုထိုးတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သဗ္ဗညုပုထိုးတော်ကြီးအထွတ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဗ္ဗညုပုထိုးတော်ကြီးအထွတ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

စွယ်တော်မြတ်စေတီ

မေ ၃ရက်က စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ညောင်ရေသွန်းပွဲတော် အခမ်းအနားကို စေတီတော်တောင်ဘက်ရှိ မဟာဗောဓိပင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ကမ္ဘာအေးကုန်းမြေ

မေ ၃ ရက်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် (၁၂)ကြိမ်မြောက် သာသနာရေးဝန်ကြီး ဌာန ညောင်ရေသွန်းပွဲတော်ကျင်းပရာ ကမ္ဘာအေးကုန်းမြေ ပိဋကတ်တိုက်ဝင်းအတွင်းရှိ မဟာဗောဓိပင်တွင် ညောင်ရေသွန်းလောင်း ပူဇော်စဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ မေ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ကျင်းပမည်

ရန်ကုန် မေ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ Loi Hein Co,. Ltd. က အဓိကပံ့ပိုးမည့် ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို မေ ၂၉ရက်နှင့် ၃၀ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ အမျိုးသား၊ အမျိုးသမီး အသက်(၁၅-၂၀)နှစ် အတန်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး အသက်(၁၅)နှစ်အောက် အတန်းပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး အသက်(၁၂)နှစ်အောက် အတန်းပြိုင်ပွဲဟူ၍ အတန်းသုံးတန်းခွဲပြီး ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သက်ငယ်တန်း ကရာတေးဒို အားကစားမောင်မယ်များသည် မေ ၂၅ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းကစားပြိုင်ဝင်း)သို့ ပြိုင်ပွဲဝင် အမည်စာရင်းများကို ပေးသွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကဆုန်လပြည့်နေ့က ကဆုန်ညောင်ရေ သွန်းပွဲအခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို နံနက် ၆နာရီခွဲတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော် အဂ္ဂိ ထောင့်ရှိ မဟာဗောဓိညောင်ပင် ပရိဝုဏ်၌ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိ ညောင်ပင်) အား ဗုဒ္ဓါဘိသေက အနေ ကဇာတင်တော်မူကြပြီး ပရိသတ်များ က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကိုဖွင့်လှစ် သည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများက မဟာဗောဓိပင်အား ရေစင်သွန်း လောင်း ပူဇော်တော်မူကြသည်။

ဆက်လက်၍ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ ဒုတိယပိုင်း အစီအစဉ်ကိုကျင်းပရာ မဟာဗောဓိပင် ၌ ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့် ဂဠုန်တို့က သတ်မှတ်အစီအစဉ်အတိုင်း နေရာယူကြပြီး အခမ်းအနားသို့ တက် ရောက်လာကြသည့် ဂေါပကအဖွဲ့ဝင် များက ဗောဓိညောင်ပင်၏ အရပ် မျက်နှာအသီးသီးရှိ မိမိမွေးနံသင့်ရာ အရပ်များမှ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့နောက် ဘာသာရေးအသင်း အဖွဲ့များနှင့် ဘုရားဖူးပြည်သူများက မဟာဗောဓိ ညောင်ပင်အား ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

ဆူးလေစေတီ

ဆူးလေစေတီတော်၏ ကဆုန် လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် အခမ်းအနားကိုနံနက်၉နာရီတွင် စေတီ တော်ရင်ပြင်၌ကျင်းပရာ ဂေါပကအဖွဲ့ ဝင်များ၊ဝတ်အဖွဲ့ဝင်များနှင့် ဧည့်ပရိတ် သတ်များ တက်ရောက်ကြသည်။

များက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကာ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

ဗိုလ်တထောင်စေတီ

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ၏ ကဆုန်ညောင်ရေ သွန်းပွဲတော်ကို စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီး တန်ဆောင်း၌ကျင်းပရာ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် - ဌာနချုပ်မှူး

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကိုတွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

"မဟာဗောဓိ ဥဒကသိဉ္စန" ပါဠိတော် များကို ရွတ်ဖတ်ပူဇော်ကြပြီး ဆရာ တော် သံဃာတော်အရှင်သူမြတ်များ က ကြီးမှူးကာ ပရိသတ်များက ဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ နံနက်ပိုင်းမှ ညပိုင်း အထိ ဗိုလ်တထောင်စေတီတော်၌ ညောင်ရေသွန်းလောင်းကြသူများ၊ဘုရား ဖူးလာသူများဖြင့် အထူးစည်ကားလျက် ရှိသည်။

ကမ္ဘာအေးစေတီ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ညောင်ရေ သွန်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် စေတီတော် အဂ္ဂိ ထောင့်ရှိ မဟာဗောဓိပင်၌ကျင်းပရာ ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး အသင်းအဖွဲ့ဝင်များက ဦးဆောင်၍ စေတီတော်အား လက်ယာ ရစ်တစ်ပတ် လှည့်လည်ကြပြီး မဟာ ဗောဓိပင်၌ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

စွယ်တော်မြတ်စေတီ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထား

မဟာဝိဇယစေတီ

မဟာဝိဇယစေတီတော်၏(၁၈)ကြိမ် မြောက် ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို နံနက် ၈နာရီ တွင် အဆိုပါစေတီတော် အဂ္ဂိထောင့်ရှိ မဟာဗောဓိပင် ပရဝုဏ်၌ ကျင်းပရာ မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့ ဝင်များ၊ ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ သာသနာ့အလံကိုင်အဖွဲ့၊ ဘာသာ ရေးအသင်း အဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြ သည်။

ရွှေဘုန်းပွင့်စေတီ

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော် ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက်ပိုင်းမှ စတင်ကျင်းပရာ အရုဏ်တက်ချိန်တွင် မြတ်စွာဘုရား ရုပ်ပွား ဆင်းတုတော်များအား ဆရာ တော် သံဃာတော် အရှင်သူမြတ်များ က ဗုဒ္ဓါဘိသေက အနေကဇာတင်တော် မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော် များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘာသာရေး အသင်းအဖွဲ့ဝင်များသည် စေတီတော်

✻ ကဆုန်လပြည့်မှ

ထို့အတူ ဂေါတမ မြတ်စွာဘုရားနှင့် ရှေးရှေးသော ဘုရားရှင်တို့သည် ဤ ကဆုန်လပြည့်နေ့မှာပင် သစ္စာလေးပါး တရားမြတ်ကို ကိုယ်တော်တိုင်ထိုးထွင်း သိမြင်တော်မူပြီး သဗ္ဗညုတ ဉာဏ်ရှင် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ ကြသဖြင့် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓ အခါတော်နေ့ဟု သတ်မှတ်ခေါ်ဝေါ် ကြသည်။

အလားတူ ဗောဓိညောင်ပင်သည် ဖွားဖက်တော်စာရင်း၌ ပါဝင်ခြင်း၊ မြတ်ဗုဒ္ဓသည် ဗောဓိညောင်ပင်ရင်း၌ ဘုရားရှင်အဖြစ်သို့ ရောက်ခြင်း၊ ဗောဓိညောင်ပင်ရင်း၌ပင် မာရ်ငါးပါး ကို အောင်မြင်တော်မူခြင်း၊ မြတ်စွာ ဘုရား ဒေသစာရီ ကြွချီတော်မူသည့် အခါ ဇေတဝန်ကျောင်း၌ ပူဇော်စရာ မရှိဖြစ်သဖြင့် အရှင်အာနန္ဒာ၏ လျှောက်ထားချက်ကြောင့် ဘုရားရှင်က ဘုရားရှင်ကိုယ်စား မဟာဗောဓိပင် အား ပူဇော်ခွင့်ပြုခြင်းတို့ကြောင့် ဗုဒ္ဓ ဘာသာဝင်တို့သည် ဗောဓိညောင်ပင် အား ပရိဘောဂစေတီအဖြစ် ကဆုန်

လပြည့်နေ့တွင် ညောင်ရေသွန်း လောင်း ပူဇော်ခြင်းပြုကြသည်။

ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၁)ကြိမ်မြောက် မဟာဗောဓိ

ထို့နောက် သိမ်ကြီးဈေး မဟာ သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော်သံဃာတော် အရှင်သူမြတ် များက ဗောဓိညောင်ပင် ရေသွန်း လောင်းသည့်ဂါထာများကို ရွတ်ဆို ပူဇော်ကြပြီး ဆရာတော် သံဃာတော်

ရွှေဘုန်းပွင့် စေတီတော်တွင် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)က ဘုရားဖူးများ ညောင်ရေသွန်း လောင်း ပူဇော်ကြစဉ်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ဗိုလ်မှူးချုပ်မော်သိန်းနှင့်ဇနီး၊ ဂေါပက အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင် များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆိပ်ကမ်းမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ သောဘိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြ သည်။

ဩဝါဒကထာ

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ် တရားတော်များကို ရွတ်ပွားချီးမြှင့်ကြ ပြီး ဆက်လက်၍ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒ ကထာ မြွက်ကြားတော်မူသည်။

ထို့နောက် ဗောဓိညောင်ပင်၌ ဆရာ တော် သံဃာတော်အရှင်သူမြတ်များက

ကဆုန်လပြည့်နေ့က မဟာ ဝိဇယစေတီတော်ရှိ ဗောဓိပင်၌ ဝတ်အသင်းအဖွဲ့များ ညောင်ရေ သွန်းလောင်းကြစဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ကိုးကွယ်တော်မူသော ဝရဒါဠှာ ဓာတု စေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ ဆဌမအကြိမ် ညောင်ရေ သွန်းပွဲတော် အခမ်းအနားကို ဂေါပက အဖွဲ့ကကြီးမှူး၍ နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီတော်တောင်ဘက် ရှိ မဟာဗောဓိပင်၌ကျင်းပရာ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးသန်းနွယ်နှင့် ဂေါပက အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဝတ် အသင်းများနှင့် ဘာသာရေးအသင်း အဖွဲ့များမှအသင်းဝင်များ တက်ရောက် ကြသည်။

အား လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်၍ စေတီတော်မြတ်ကြီး အရှေ့ တောင်ထောင့်ရှိ မဟာဗောဓိ ညောင်ပင် အား အမွှေးနံ့သာ၊ ပန်းသပြေနှင့် ညောင်ရေသွန်းလောင်းကာ ရွှေဘုန်းပွင့် စေတီတော် ကဆုန်လပြည့် ညောင်ရေ

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ➪

ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပ ကျောင်းဆောင်ရှေ့ မြက်ခင်း ဥယျာဉ်အတွင်းရှိ မဟာဗောဓိပင် တော်အား သီရိသုဓမ္မသီဂီ ဒေါ်တင် တင်ဝေနှင့် ရွှေမြင့်တင်ဦးညိုတို့ ဦးဆောင်သော ဗုဒ္ဓဂယာဘုရားဖူး ပြည်သူများ ကဆုန်လပြည့်နေ့ နံနက်က ညောင်ရေသွန်းလောင်း စဉ်။ (က-ပ)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင်သွန်းဖျန်းခြင်းနှင့် ရိက္ခာတော်အသပြာငွေများချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်

ရန်ကုန် မေ ၃

ရာဇဂဟာသိရိပစ္စယ ဂဇရာဇာ ရတနာဆင်ဖြူတော်၊ သိင်္ဂိမာလာ ရတနာဆင်ဖြူတော်နှင့် ရတီမာလာ ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင်သွန်းဖျန်းခြင်းနှင့် ရိက္ခာတော် အသပြာငွေများချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင်သွန်းဖျန်းပေးကာ အစာအာဟာရများကိုကျွေးမွေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင်သွန်းဖျန်းပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊အလှူရှင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များနှင့် ပြည်သူများတက်ရောက်ကြသည်။

အစီအစဉ်အရ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က အောင်ဂါထာတော်ကိုရွတ်ဆိုပြီး မင်္ဂလာစည်တော်ရွှမ်း၍ အခမ်းအနားကို ဖွင့်လှစ်သည်။

နံ့သာရေစင်သွန်းဖျန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရာဇဂဟာသိရိပစ္စယ ဂဇရာဇာ ရတနာဆင်ဖြူတော်၊ သိင်္ဂိမာလာ ရတနာဆင်ဖြူတော်နှင့် ရတီမာလာရတနာဆင်ဖြူတော်တို့အား မင်္ဂလာနံ့သာရေစင် သွန်းဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာဆင်ဖြူတော်များအား အစာအာဟာရများကို ကျွေးမွေးသည်။

လက်ဖွဲ့ပေးအပ်

ထို့နောက် လေးပြင်လေးရပ်မှ သူကြွယ်ဇနီးမောင်နှံများဖြစ်ကြသည့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်နှင့် ဇနီးဒေါ်ခင်လေးရီ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးဉာဏ်လွင်နှင့် ဇနီးဒေါ်ဌေးဌေး၊ သီရိသုဓမ္မမဏိဇောတဓရ သမားတော်ဦးဘိုကြီးနှင့် ဇနီးဒေါ်သန်းသန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးချုသန်းနှင့် ဇနီး ဒေါ်ဝင်းကြည်၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်းနှင့် ဇနီးသီဟသုဓမ္မသိင်္ဂီ ဒေါ်ဌေးဌေးညွန့်နှင့် သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်နှင့် ဇနီး ဒေါ်ခိုင်ခိုင်မြင့်တို့က ရတနာဆင်ဖြူတော်များအတွက် ရိက္ခာတော်အသပြာငွေကျပ်ငါးသိန်းစီကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်ဆွေထံ လက်ဖွဲ့ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တီးကြား ဦးသန်းလှက အောင်ဇေယျတု ဂါထာတော်ကို ရွတ်ဆိုပြီး တီးကြားအဖွဲ့က မင်္ဂလာငွေခရု သုံးကြိမ်မှုတ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်းဖြိုး

အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရတနာဆင်ဖြူတော်များအား အစာအာဟာရများကျွေးမွေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော စက်မှုကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံထွက်ခွာ

ရန်ကုန် မေ ၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော စက်မှုကိုယ်စားလှယ်အဖွဲ့သည်မြန်မာ-ထိုင်းနှစ်နိုင်ငံ စက်မှုပူးပေါင်းဆောင်ရွက်မှု အကောင်အထည်ဖော်ရေးအစီအစဉ်အရ ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pinij Jarusombat ၏ ဖိတ်ကြားချက်ဖြင့် ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

စက်မှု ကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဦးအောင်သောင်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်လ်ဇော်ရှန်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်းမှ အထွေထွေမန်နေဂျာဦးရဲဝင်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသိန်းဝင်းနှင့် မြန်မာ့အထည်အလိပ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကိုကိုလွင်တို့လည်း လိုက်ပါသွားသည်။(သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ
အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းပြပွဲ
စိန်ရတုခန်းမ၊ ၂၀၀၄-ခုနှစ်၊မေလ(၄-၇)ရက်

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် မင်းဓမ္မကုန်းတော်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့်ဇနီးတက်ရောက်၍ ညောင်ရေသွန်းလောင်းပူဇော်

ရန်ကုန် မေ ၃

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် မင်းဓမ္မကုန်းတော်ရှိ မဟာဗောဓိပင်အား တတိယအကြိမ် ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော် ရင်ပြင်တော်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်၍ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ညောင်ရေသွန်းလောင်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် မင်းဓမ္မကုန်းတော်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်ရွတ်အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများတက်ရောက်ကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မင်းဓမ္မကုန်းတော်ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား တတိယအကြိမ် ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က နတ်များအား ပင့်ဖိတ်၍ မဟာဗောဓိညောင်ရေသွန်းလောင်း ဗုဒ္ဓါဘိသေကမင်္ဂလာဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ညောင်ရေသွန်းလောင်းပူဇော်

ယင်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့နောက် အရှေ့အရပ်မျက်နှာမှ ပရိသတ်များက ဗြဟ္မာမင်းများ၏ ကြွေးကြော်သံဂါထာကိုလည်း ကောင်း၊ တောင်အရပ်မျက်နှာမှ ပရိသတ်များက နတ်ဒေဝါများ၏ကြွေးကြော်သံဂါထာကိုလည်းကောင်း၊ အနောက်အရပ်မျက်နှာမှ ပရိသတ်များက နဂါးများ၏ ကြွေးကြော်သံဂါထာကိုလည်းကောင်း၊ မြောက်အရပ်မျက်နှာမှ ပရိသတ်များက ဂဠုန်မင်းများ၏ ကြွေးကြော်သံ ဂါထာကိုလည်းကောင်း ရွတ်ဆိုကြ၍ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍ အဂ္ဂမဟာသီရိသုဓမ္မဓဇဗိဇောတဓရ တိုကြားဦးသန်းလှက နတ်များအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပစဉ်။

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

World Red Cross Day-2004

ကမ္ဘာ့ကြက်ခြေနီနေ့

ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်

STOP DISCRIMINATION

၂၀၀၄ ခုနှစ်၊ မေလ (၈) ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ် မေလ(၁၁)ရက်မှ(၁၃)ရက် ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း ရန်ကုန်မြို့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၅-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ **တိပိဋကရေဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇း၂၅ ၃။ ကျန်းမာဖို့အတွက်စားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၇။ အကပြိုင်ပွဲ
- ၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၉။ လမူးတံတား
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ Grammer Made Easy.
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
- ၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅း၃၀ ၇။ တေးဂီတအစီအစဉ်
- ၅း၄၀ ၈။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅း၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၃၀ ၁၀။ ညနေခင်းသတင်း
- ၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၇း၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇း၃၅ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၃၀)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

➪ စာမျက်နှာ ၁၁ မှ
သွန်းလောင်းပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ငါးထပ်ကြီးဘုရား

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားတွင် သီတင်းသီလဆောက်တည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ဩဝါဒါစရိယ ဆရာတော်များနှင့် ဂေါပကအဖွဲ့ကကြီးမှူး၍ ဘုရားပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲ ကျင်းပရာ ဆရာတော် သံဃာတော်များက ညောင်ရေသွန်းလောင်း ဂါထာများနှင့် ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ သူတော်စင်များက ဗောဓိညောင်ပင်အား ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

စည်ကား

သဃ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၊ စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား၊ ဗဟန်းမြို့နယ်ရှိ ခြောက်ထပ်ကြီးဘုရား၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီ၊ မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ပိုင်းဘုရားနှင့် ရွှေပြည်သာမြို့နယ်ရှိ သာဓုကန်စေတီတို့၌ နံနက်ပိုင်းမှ စတင်လျက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြသူများ၊ ဘုရားဖူးလာ ပြည်သူများ၊ ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

တိုးမပေါက်

ထို့အတူ ရန်ကုန်မြို့ရှိ ဘုရား၊ စေတီများ၌ နံနက်ပိုင်းမှ ညပိုင်းအထိ ကဆုန်ညောင်ရေ သွန်းလောင်းကြသူများ၊ တရားဘာဝနာပွားများကြသူများ၊ အလှူဒါနပြုကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ တရားစခန်းများ၌လည်း ကဆုန်ညောင်ရေ သွန်းလောင်းကြသူများ၊ သီလ ဆောက်တည်ကြသူများ၊ ဝိပဿနာတရား ပွားများအားထုတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် လည်းကောင်း အထူး စည်ကားလျက်ရှိသည်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာ ပြည်သူများ၊ ညောင်ရေသွန်း လောင်းကြသူများဖြင့် အထူးစည်ကားလျက်ရှိရာ ရွှေတိဂုံစေတီတော် ပရိဝုဏ်တစ်ခုလုံးတွင် လူပရိသတ်များ၊ မော်တော်ယာဉ်များဖြင့် တိုးမပေါက်အောင် ကြက်ပျံမကျ စည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ စော်ဘွားလမ်း၊ အမှတ် (၃၃–က)နေ
ဦးမောင်မောင်လွင်(အမှုဆောင်အင်ဂျင်နီယာ–ငြိမ်း၊ လေကြောင်းဦးစီးဌာန)–ဒေါ်အမာတို့၏
တစ်ဦးတည်းသောသား

Capt. ဝင်းလွင် Master Mariner (Australia)
Advanced Diploma of Applied Science-Ship Master
(Australian Maritime College. Australia)
ASP Ship Management Pte Ltd. Singapore

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ်(၁၀)နေ
ဦးထွန်းအောင်(လ/ထ ညွှန်ကြားရေးမှူး–ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)–ဒေါ်မြင့်မြင့်တင်
တို့၏ သမီးငယ်

မသီတာအောင် B.Sc (Hons). M.Sc(Chem). DBA
Executive Diploma in HR Management
Human Resources Manager. Sedona Hotel Yangon.

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်းနှင့် ကျွန်တော်၊ ကျွန်မတို့၏ ၂၅–၄–၂၀၀၄ရက်တွင် Sedona Hotel Executive Lounge ၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြား လက်ထပ်ပေးသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့်ဇနီး ဒေါ်အေးကြည်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးခဲ့သော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူအားလည်းကောင်း၊ ၂–၅–၂၀၀၄ရက် Sedona Hotel Grand Ball Room တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည်အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး ဒေါ်စံယုံအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့် ဇနီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဝင် ဦးညွှန့်ဆွေနှင့်ဇနီး၊ ဆီဒိုးနားဟိုတယ်မှ General Manager Mr. Saman Sarathchandra အားလည်းကောင်း၊ အခမ်းအနားမှူး ဦးနန္ဒကျော်စွာနှင့် ဦးကျော်စိုးဦး၊ စောင်းဒေါ်ရီရီသန့်၊ Emperor တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မမဇ္ဈူ၊ ဓာတ်ပုံဗီဒီယို Akai နှင့် စိုင်းဘုန်းထူး၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မေတ္တာဖြင့်ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Sedona Hotel မှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ၁၈–၄–၂၀၀၄ရက်တွင် Nikko Royal Lake Hotel တွင် ကျင်းပပြုလုပ်သော စေ့စပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသော ဆွေမျိုးဧည့်ပရိသတ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါသည်။

ဝင်းလွင်–သီတာအောင်။

ထူးခြားသည့် နေ့အပူချိန်များ

(၃–၅–၂၀၀၄)

မကွေး	–	၄၄ဒီဂရီစင်တီဂရိတ်	(၁၁၁ဒသမ၂ဒီဂရီဖာရင်ဟိုက်)
မုံရွာ	–	၄၄ဒီဂရီစင်တီဂရိတ်	(၁၁၁ဒသမ၂ဒီဂရီဖာရင်ဟိုက်)
ချောက်	–	၄၃ဒီဂရီစင်တီဂရိတ်	(၁၀၉ဒသမ၄ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	–	၄၃ဒီဂရီစင်တီဂရိတ်	(၁၀၉ဒသမ၄ဒီဂရီဖာရင်ဟိုက်)
ညောင်ဦး	–	၄၃ဒီဂရီစင်တီဂရိတ်	(၁၀၉ဒသမ၄ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	–	၄၀ဒသမ၈ဒီဂရီစင်တီဂရိတ်	(၁၀၄ဒီဂရီဖာရင်ဟိုက်)

ဟာသဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၃

ရွှေမင်းသား၏ ကာတွန်းမျက်နှာဖုံးနှင့် တစ်ခေတ်တစ်ခါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များမှ ရယ်စရာအဖြစ်များကို ဟာသအမြင်ဖြင့် ပုံရိပ်ထင်ခဲ့ကြသော ကာတွန်းဆရာကြီး ဦးဘဂျမ်း၊ ဦးဟိန်စွန်း၊ ဦးဖေသိန်းတို့ အပါအဝင် ကာတွန်းဆရာကြီး/ငယ်တို့၏ ကာတွန်းလက်ရာများအား ပြန်လည်တင်ပြထားသည့် ကာတွန်းမြင့်စိုးလေး၏ ကာတွန်း ကော်နာနှင့်အတူ၊ ဆရာသာဂဒိုး၊ မြေဇာ၊ သန်လျင်မောင်မောင်ဦး၊ တွတ်တွတ်၊ သုဝဏ္ဏကျော်စိန်၊ နန္ဒာစိုး၊ ဆြာကြီးထိန်၊ ဆြာဘွား၊ ဝေါကီတော်ကီ၊ ခိုင်သန့်ကျော်၊ သာဂရဇော်ရင်၊ တနိုင်ခ၊ လေရူး၊ ဦးမြင့်ဆွေ(မိုးကုတ်)၊ ကျော်ဇောဟိန်း(ဒေါ်ပုံ)တို့၏ ဟာသ အတွေးအရေး၊ ရုပ်ရှင်၊ သဘင်များဖြင့် "ဟာသ" ဂျာနယ် အတွဲ(၂)၊ အမှတ် (၃၉)ကို ဝါမိုးအောင်စာပေ၊ အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ (က–ပ)



သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီးဖြစ်သူ ခင်မိုးမိုးခိုင်(ခ)မိုးကေသီသည် မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
မိဘများ ဦးမြသန်း–ဒေါ်ယဉ်ထား
ISN-414473-CD-050979။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီလမ်း၊ အမှတ် (၉၆)နေ
ဦးသန်းထွန်း[ဒု–အင်ဂျင်နီယာမှူးကြီး၊ လျှပ်စစ်၊ ရန်ကုန်–သန်လျင်တံတား အမှတ်(၂)
စီမံကိန်း]–ဒေါ်ညွှန့်သန်း(အထက်တန်းသူနာပြုဆရာမ–ငြိမ်း)တို့၏ သား

ဗိုလ်ကြီးဉာဏ်လင်းထွန်း B.Sc (D.S.A)

နှင့်

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ် (၄၉)နေ
ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)–ဒေါ်စမ်းကြည်တို့၏သမီး

မစန္ဒာဇော်ဝင်း B.Sc (Physics)

တို့၏ ၁–၅–၂၀၀၄ရက်နေ့ Yuzana Garden Hotel ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွှန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွှန့်၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကို၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်စန်းစန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ၂၉–၄–၂၀၀၄နေ့ တရားရုံးချုပ်၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာ ဦးတင်အောင်အေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင်စိမ်းမိုမို့၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံ အလှဆင်ပြုပြင်ပေးသော မိတ်ကပ်စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးဉာဏ်နိုင်စိုး၊ ဗိုလ်ကြီးကျော်လင်းနိုင်၊ မင်္ဂလာသတို့သမီးအရံ မစုနိုင်ကျော်၊ မမဇ္ဈူဇော်ဝင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်သဇင်စိုး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မျိုးနန္ဒာမွန်တို့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ ကားများနှင့် ဟိုတယ်အခန်း အကူအညီပေးကြသော ညီအစ်ကိုသူငယ်ချင်း မိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အားလည်းကောင်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဉာဏ်လင်းထွန်း–မစန္ဒာဇော်ဝင်း။

မင်္ဂလာဆုတောင်း

ကိုကျော်ဆန်းမြင့် B.E (Electronics)
Managing Director
Collective Triangles Co., Ltd.
Vital Excellence Trading Co., Ltd.

နှင့်

မသင်းသင်းဦး B.A (History)

တို့၏

၂–၅–၂၀၀၄ မှစတင်သော မင်္ဂလာဦးမှသည် ရာသက်ပန် ရိုးမြေကျ ချစ်ခင်ကြင်နာစွာ လက်တွဲ၍ တစ်ဦးနှင့်တစ်ဦး ဖေးမလျက် သာယာပျော်ရွှင်စွာ ဘဝခရီးလမ်းတွင် အောင်မြင်မှုများနှင့် လိုအင်ဆန္ဒအားလုံး ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးမျိုးသီဟ– Director(Admin)
ဦးဇော်ဟိန်း– Director (Project)
ဝန်ထမ်းများ– Collective Triangles Co., Ltd.
ဝန်ထမ်းများ– Vital Excellence Trading Co., Ltd.


ရွှေပါရမီ အဆင့်မြင့်ဈေးသစ်ကြီး ကို
၂၀၀၄ မေလကုန်မှာ ဖွင့်တော့မယ်တဲ့---
ငါသိပြီးပါပြီ။ ပါရမီလမ်းနဲ့ အင်းစိန်လမ်းထောင့်မှာလေ--
Indoor Carparking က အစီး(၁၀၀)စာ ရှိတာဆိုတော့ မိုးတွင်းမှာတောင် ရေစိုမယ့်သူမရှိ အဆင်ပြေတယ်နော်--
တစ်နေရာတည်းမှာ လိုချင်တာအကုန်ဝယ်လို့ရနိုင်တဲ့ Mall ကြီးပေါ့။
ဒါဆို--ဝယ်သူ၊ ငှားသူတွေအတွက် အချက်အချာကျတဲ့ နေရာပဲ။
ဒါတင်ဘယ်ကမလဲ။ (၂၄)နာရီ ဖွင့်တဲ့ Non-Sleeping အဆင့်မြင့်ဈေးကြီး ဖြစ်လာနိုင်တယ်။
အေး- ငါတော့ သဘောကျလို့ (၃)ခန်း ဝယ်ပြီးပြီ အခန်းတွေကို ငှားလို့လည်းရတယ်။ မင်းလည်း နောက်မကျစေနဲ့နော်။
(ပါရမီလမ်း နှင့် အင်းစိန်လမ်းထောင့်)
Indoor Car Parking၊ 18'ကျယ် လမ်းစင်္ကြံ
250 KVA မီးစက် (၄)လုံး၊ Central Air Condition
* (6900)Sq.ft မှ (8250)Sq.ft ဆိုင်ခန်းကျယ်များ
* (400)Sq.ft မှ (840)Sq.ft ဆိုင်ခန်းတွဲများ
ငွေပေးချေမှုအားလုံးကို ညှိနှိုင်းဆောင်ရွက်ပေးသည်။
ဝါဝါဝင်း
အမှတ်(၁၀၇/၁၀၉)၊ အနော်ရထာလမ်းနှင့် ဆင့်အိုးတန်းလမ်းထောင့်၊ ရန်ကုန်။
Ph: 250650, 09-500-7499, Fax: 250753
Email: W.W.W@mptmail.net.mm
Super Market, Department Store, Cyber Net Cafe, Game City, Kitchen Shop, Beauty Saloon, Food Centre

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒေါက်တာဦးစိုးသိန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)–
ဒေါက်တာ ဒေါ်သန်းနုရွှေ(ပါမောက္ခ/ဌာနမှူး၊ ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်–၂)
တို့၏သားကြီး

မောင်ကျော်လင်းသိန်း B.E(Electronics), I.D.C.S(NCC)

(Senior Field Engineer, Schlumberger Overseas S.A, Thailand)

နှင့်

ရန်ကုန်မြို့နေ
(ဦးတင်ဝင်း)–ဒေါ်တူး(မြသဇင်အထည်ဆိုင်)တို့၏ တစ်ဦးတည်းသောသမီး

မနွယ်နွယ်ဝင်း B.E(Electronics)

M.Sc(Consumer Electronics), NTU, Singapore

တို့၏ (၁–၅–၂၀၀၄)ရက်နေ့တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားကို တင့်တယ်ရန် ချီးမြှင့်စောင့်ရှောက်ပါသော ဦးဦး၊ ဒေါ်ဒေါ်နှင့်မိသားစုများအားလည်းကောင်း၊ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ မင်္ဂလာအောင်စံပယ် ပန်းကုံးချီးမြှင့်ပေးသော စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီး ဒေါ်ခင်မာအေး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၉–၄–၂၀၀၄ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာဦးထွန်းရှင်အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက် ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင်ဒေါ်တင်တင်မြနှင့်အေဝမ်းဦးစိုးမြင့်အဖွဲ့၊ မေတ္တာဖြင့်စိန်ရတနာဆင်မြန်းပေးသော ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်)မိသားစုအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မဇေဝတ်ရည်စိုး၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မနှင်းရည်မွန်၊ သတို့သားအရံ မောင်အောင်လှိုင်မျိုး၊ မောင်ကျော်စွာ သိန်းလွင်၊ သတို့သမီးအရံ မမေမြတ်မွန်၊ မတင်ချောလှိုင်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့၊ သတို့သမီးဝတ်စုံ ချုပ်လုပ်ဆင်မြန်းပေးသော အန်တီဒိုင်ယာနာတို့အားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြ သော နှစ်ဖက်သောဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်လင်းသိန်း–မနွယ်နွယ်ဝင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)နှင့် မန္တလေးနည်းပညာ တက္ကသိုလ်များတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ်၊ မေလ(၂၇)ရက်နေ့တွင် စတင် ဖွင့်လှစ်မည့် အောက်ပါမဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာများ ခေါ်ယူအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

(၁)M.E.(Civil)	(၈)M.E.(Mining)
(၂)M.E.(Mechanical)	(၉)M.E.(Textile)
(၃)M.E.(Electrical Power)	(၁၀)M.E.(Petroleum)
(၄)M.E.(Electronic)	(၁၁)M.E.(Metallurgy)
(၅)M.E.(Information Technology)	(၁၂)M.E.(Aeronautical)
(၆)M.E.(Mechatronic)	(၁၃)M.E.(Architecture)
(၇)M.E.(Chemical)	

၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။
(က)လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(၃)ဦးစလုံးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ)သက်ဆိုင်ရာ အဓိက ဘာသာရပ်ဖြင့် B.E./B.Arch. ဘွဲ့ရရှိပြီး၊ မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူများသာ လျှောက်ထားနိုင်သည်။
(ဂ)သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ)သင်တန်းစတင်မည့် (၂၇–၅–၂၀၀၄)ရက်နေ့တွင် အသက်(၃၅)နှစ် ထက်မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
(င)ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက် ခွင့်ပြုကြောင်း ထောက်ခံချက်တင်ပြရမည်။

၃။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါနည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များ မှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် မန္တလေးနည်းပညာတက္ကသိုလ်တွင် လျှောက်ထားရမည်။
မန္တလေးနည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား GTC၊ ဗန်းမော်GTC၊ လားရှိုးGTC၊ ကလေးGTC၊ မုံရွာGTC၊ မန္တလေးGTC၊ ကျောက်ဆည် GTC၊ မိတ္ထီလာGTC ၊ မကွေးGTC ၊ ပခုက္ကူGTC ၊ အေးသာယာGTC၊ ကျိုင်းတုံ GTC၊ လွိုင်ကော်GTC ၊ ပင်လုံGTC ၊

၄။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် အောက်ပါ နည်းပညာ တက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံ သင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)တွင် လျှောက်ထားရမည်။
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ပြည်နည်းပညာတက္ကသိုလ်၊ တောင်ငူGTC၊ ပြည် GTC၊ စစ်တွေ GTC၊ ဟင်္သာတGTC၊ ပုသိမ်GTC၊ မော်ဘီ GTC၊ သန်လျင်GTC၊ မြိတ်GTC၊ မော်လမြိုင်GTC၊ မအူပင်GTC၊ ဘားအံ GTC၊ ထားဝယ်GTC၊

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)နှင့်မန္တလေးနည်းပညာတက္ကသိုလ်များတွင် (၁၄–၅–၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း–၀၁–၆၄၂၅၆၀၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ) ဖုန်း– ၀၁–၇၁၀၇၀၆နှင့် မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း–၀၂– ၈၈၇၅၆ကျောင်းသား ရေးရာဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

(၃)နှစ်မြောက်မွေးနေ့ဆုတောင်း

ချစ်သမီးလေး ခင်သီရိရွှေစင်မောင် ရဲ့ ၄–၅–၂၀၀၄ရက်နေ့မှာ ကျရောက်တဲ့ (၃)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံပြီး လိမ္မာယဉ်ကျေး၊ ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်–။

ဘိုးဘိုး–ဦးအောင်ခင်၊ ဘွားဘွား–ဒေါ်ယဉ်ယဉ်ညွန့်
ဦးဦး–အန်တီများ၊ ကိုကို–မမများနှင့်ညီမလေးယုယ၊
ဖေဖေ–ဦးခင်မောင်ထွေး၊ မေမေ–ဒေါ်နီလာအောင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အလုပ်ရုံဝန်ထမ်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဗဟိုစက်မှုလက်မှုအလုပ်ရုံတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အလုပ်ရုံဝန်ထမ်းများအတွက် လျှောက်လွှာများအလိုရှိပါသည်–
(က) လ/ထနည်းပြ(အလုပ်ရုံ) လစာနှုန်း(၅၄၀၀–၁၀၀–၅၉၀၀)၅၆နေရာ
(ခ) သရုပ်ပြကျွမ်းကျင်(အလုပ်ရုံ) လစာနှုန်း(၄၈၀၀–၁၀၀–၅၃၀၀)၅၆နေရာ
(ဂ) အလုပ်ရုံအကူ လစာနှုန်း(၄၂၀၀–၁၀၀–၄၇၀၀)၂၀နေရာ

၂။ အထက်ပါရာထူးနေရာများအတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမှတ်စဉ်(၁–က)ရာထူးအတွက် A.G.T.I (MT.MP.EC.EP.MC. PR.Civil)ဒီပလိုမာ လက်မှတ်ရရှိသူများဖြစ်ရမည်။
(ဂ) အမှတ်စဉ်(၁–ခ)ရာထူးအတွက် T.H.Sလက်မှတ်ရရှိသူလျှောက်ထားနိုင်သည်။
(ဃ) အမှတ်စဉ်(၁–ဂ)ရာထူးအတွက် အခြေခံကျွမ်းကျင်မှုသင်တန်း ဒုတိယအဆင့် လက်မှတ်ရရှိသူများ လျှောက်ထားနိုင်သည်။
(င) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁–၅–၂၀၀၄နေ့တွင် အသက်(၃၀)ထက်မကျော်လွန်သူဖြစ်ရမည်။
(စ) ရွေးချယ်ခံရသူများသည် ရှေးဦးစွာ ကျွမ်းကျင်သင်တန်း(၃)လတက်ရမည်။
(ဆ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

